# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ စနေနေ့၊ | အတွဲ [၅၅]၊ အမှတ် [၁၄၃]


## မေတ္တာ အာနိသင်

မေတ္တာတရားကို ပွားများခြင်းသည် အကျိုးစီးပွားကို အလိုရှိသူတို့အတွက် လည်းကောင်း၊ အလိုမရှိသူတို့ အတွက် လည်းကောင်း၊ ကုသိုလ်ကျေးဇူးကို ဆောင်ရွက်နိုင်၏။

လူတိုင်း လူတိုင်းသည် အာနိသင်ကြီးမားလှသော မေတ္တာပွားများခြင်းကို ကောင်းစွာမှီဝဲအပ်၏။

(မိလိန္ဒပဥှာ၊ မေတ္တာဘာဝနာနိသံသ-၁၉၇)

# ရရှိပြီးတည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူများအားလုံးက လက်တွဲကြိုးပမ်း

**နိုင်ငံတော်သမ္မတအဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၆၈) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

**ချစ်ခင်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ယနေ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သော (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ချင်းပြည်နယ် ဖလမ်းမြို့၌ လူထုညီလာခံကျင်းပကာ စော်ဘွားများအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသော သတ္တမအကြိမ်မြောက် ချင်းရေးရာကောင်စီညီလာခံတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❋

# ဒုတိယသမ္မတ ဦးညဏ်ထွန်း အမေရိကန် - အာဆီယံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် Rancho Mirage မြို့၌ ကျင်းပခဲ့သည့် အမေရိကန်- အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့မှ စင်ကာပူလေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့အား အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်မျိုးထွဋ်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ဒုတိယသမ္မတ ဦးညဏ်ထွန်း အမေရိကန်- အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။** (သတင်းစဉ်)




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်မှု

၂၁ရာစုခေတ်သည် ကမ္ဘာနှင့်အဝန်း နယ်ပယ်အသီးသီးတို့တွင် နည်းပညာများ တွင်ကျယ်စွာအသုံးချနေသောခေတ်ဖြစ်ပါသည်။ သို့သော်နည်းပညာအသုံးချနိုင်မှု အနေအထားမှာကား ဆင်းရဲချမ်းသာအပေါ်မူတည်၍ ကွာဟချက်များရှိနေဆဲဖြစ်ပါသည်။ လူမှုအသိုက်အဝန်းတစ်ရပ်ကို ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ဆောင်ရွက်ရာတွင် နည်းပညာသည် အလျင်မြန်ဆုံးနှင့်အထိရောက်ဆုံးဖြစ်အောင် ကူညီပံ့ပိုးပေးနိုင်စွမ်းရှိပါသည်။ နည်းပညာများအသုံးချလာနိုင်သည်နှင့်အမျှ လုပ်ငန်းများ လျင်မြန်ချောမွေ့လာမည်ဖြစ်ပါသည်။

မကြာမီက အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့ရာ ၎င်းထိပ်သီးအစည်းအဝေးတွင် သတင်းအချက်အလက်နည်းပညာနှင့် ဒီဂျစ်တယ်နည်းပညာများကိုသုံးပြီး စီးပွားရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရန်နှင့် စီးပွားရေးလုပ်ငန်းများတွင် တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးခဲ့သည့် အကြောင်းအရာများလည်းပါရှိကြောင်း သိရပါသည်။

အမေရိကန်-အာဆီယံထိပ်သီးအစည်းအဝေးမှတစ်ဆင့် စွန့်ဦးတီထွင်မှု ဗဟိုချက်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အခြားသောအာဆီယံနိုင်ငံများနည်းတူ အကူအညီများပေးရာတွင် ငွေကြေးအကူအညီထက် အာဆီယံနိုင်ငံအားလုံးတွင် ယှဉ်ပြိုင်နိုင်စွမ်းနှင့် တီထွင်နိုင်စွမ်းရှိအောင် နည်းပညာများအရ အကူအညီများပေးသွားဖွယ်ရှိနေပါသည်။ အာဆီယံဒေသအတွင်းရှိ အမျိုးသမီးများနှင့် လူငယ်များအနေဖြင့် အိုင်တီနည်းပညာများကို တွင်ကျယ်စွာအသုံးပြုလာနိုင်ပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို မြှင့်တင်ကြိုးပမ်းသွားကြရမည့် အချိန်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်းအခြားအာဆီယံနိုင်ငံများနည်းတူ နည်းပညာအသုံးချနိုင်မှုကို တွန်းအားပေးပြီး အသေးစား၊ အလတ်စားနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများ နည်းပညာအရတိုးတက်လာအောင်အားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမည့် အနေအထားဖြစ်ပါသည်။

နိုင်ငံများအား ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ ရောက်အောင်ဖြည့်ဆည်းပေးရာတွင် ငွေကြေးအကူအညီထက် နည်းပညာအကူအညီသည် ပို၍တန်ဖိုးကြီးမားပါသည်။ စီးပွားရေးလုပ်ငန်းများကို နည်းပညာများအရ အသုံးချသွားနိုင်မည်ဆိုလျှင် တိုးတက်ပြောင်းလဲမှု အနေအထားမှသည် ကြီးပွားချမ်းသာလာနိုင်သည်အထိ အောင်မြင်မှုများ ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ နည်းပညာတိုးတက်သော နိုင်ငံများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကိုတွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် လူငယ်လူရွယ်များအား နယ်ပယ်ကဏ္ဍအသီးသီးတို့တွင် နည်းပညာကျယ်ပြန့်စွာသုံးစွဲနိုင်ရေး အစီအစဉ်ကောင်းများ အရှိန်အဟုန်မြှင့်တင်လျက် ဘက်စုံတိုးတက်မှုများရရှိအောင် ကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

## ထိုင်းနိုင်ငံတွင် ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ကိုင်ဆောင်ထားသူများ သက်တမ်းတိုးရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ထိုင်းနိုင်ငံတွင် ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် TR38 ကိုင်ဆောင်၍အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများ၏ လုပ်ကိုင်ခွင့်သက်တမ်းသည် လာမည့် မတ် ၃၀ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်ရာ နောက်ထပ်နှစ်နှစ်ထပ်မံ သက်တမ်းတိုး အလုပ်လုပ်ကိုင်ခွင့်ရရှိရေး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ဌာနမှ တာဝန်ရှိသူများက ထိုင်းနိုင်ငံ ချွန်ဘူရီမြို့တွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ထိုင်း-မြန်မာအလုပ်သမားအရေး ဆွေးနွေးပွဲတွင် ဆွေးနွေးပြီး သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းတိုးရေးကိစ္စများတွင် လုပ်ငန်းလုပ်ကိုင်ခွင့် လေးနှစ်ပြည့်ပြီး ဗီဇာသက်တမ်း နှစ်နှစ်ကျန်သူများနှင့် လုပ်ကိုင်ခွင့် ခြောက်နှစ်ပြည့်ပြီးသူများအား နောက်ထပ်သက်တမ်း နှစ်နှစ်တိုးပေးရေးကိစ္စများအပြင် သက်တမ်းတိုးခွင့်ပြုချက်အရ အလုပ်သမားများ သတ်မှတ်ငွေကြေးပေးသွင်းရာတွင် မလိုအပ်သော ကုန်ကျစရိတ်များ မရှိစေရေးအတွက် ငွေသွင်းကောင်တာများ သတ်မှတ်ဖွင့်လှစ်ပြီး အဆိုပါ ငွေသွင်းစလစ်ဖြင့် ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်ကတ် စနစ်တကျ ထုတ်ယူရရှိရေးကိစ္စများကိုပါ ဆွေးနွေးသဘောတူခဲ့ကြကြောင်း သိရသည်။

ထို့အပြင် မယ်ဆိုင်၊ မဲဆောက်၊ ကျန်ချနာကူရီ၊ ရနောင်း၊ မဟာချိုင်၊ စမုပရာဂမ်မြို့များတွင် အဆိုပါလုပ်ကိုင်ခွင့်ကတ်များ ထုတ်ပေးနိုင်ရေး မြန်မာဘက်မှ တောင်းဆိုထားပြီး ဆွေးနွေးသဘောတူညီချက်များအား ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြုလုပ်မည့် ထိုင်းဝန်ကြီးများ အစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



## ကျောက်ကာရွာမီးဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များလှူဒါန်း

**မြိတ် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့ ကျောက်ကာကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီးဒေါ်မြင့်မြင့်သန်း မိသားစုတို့က ဆန်အိတ် ၂၅၀ ပေးပို့လှူဒါန်းခဲ့ရာ ဆန်အိတ်များကို ဖေဖော်ဝါရီ ၁၈ ရက်က ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက လက်ခံယူခဲ့သည်။

အလားတူ CAPITAL DIAMONDSTAR FOUNDATION မှ ဒေါက်တာ ကိုကိုကြီးနှင့် ဇနီးဒေါ်မိုးမိုး မိသားစုကလည်း ဆန်အိတ် ၂၅၀ ကို လှူဒါန်းရာ အဆိုပါ ဆန်အိတ် စုစုပေါင်း ၅၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးက တဆင့် မီးဘေးသင့်ပြည်သူများထံသို့ စက်ရေယာဉ်ဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## မိုးညိုမြို့၌ အားကစားပြိုင်ပွဲများ ကျင်းပ

**မိုးညို ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဌာနဆိုင်ရာ ပေါင်းစုံ(ဖူဆယ်) အားကစားပြိုင်ပွဲဖွင့်ပွဲကို မိုးညိုမြို့ ပြည်သူ့အားကစားကွင်း၌ ဖေဖော်ဝါရီလ တတိယပတ်က ကျင်းပရာ အဆိုပါပြိုင်ပွဲတွင် အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်ပြီး အုပ်စု(က) တွင် ငါးသင်း၊ အုပ်စု(ခ)တွင် လေးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ပခုက္ကူစာပေဆုများ ပြိုင်ပွဲဝင် စာမူပေးပို့ရက် တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရန် နောက်ဆုံး တင်သွင်းရမည့်ရက်ကို မူလက ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ကို သတ်မှတ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲရက်ကို ၂၀၁၆ ခုနှစ် မတ် ၁၅ ရက်အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

ပခုက္ကူစာပေတွင် သတ်မှတ်ထားသည့် ဘာသာရပ်ငါးမျိုးအတိုင်း ပြိုင်ပွဲဝင်စာမူများကို ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြပြီး ပြိုင်ပွဲဝင်စာမူပုံစံများကို စာတည်းမှူးချုပ် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်တွင် ရယူနိုင်ပြီး နယ်မှပုံစံမှာယူလိုသူများသည် ငွေကျပ် ၈၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများကို မှာယူနိုင်ကြောင်း သိရသည်။

ပခုက္ကူစာပေဆုများကို ယှဉ်ပြိုင်လိုသူများစိတ်ဝင်တစားဖြင့် မေးမြန်းမှုများရှိနေရာ ပြိုင်ပွဲဝင်လိုသော စာပေဝါသနာရှင်များ၏ ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ရက် တိုးမြှင့်သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း ပခုက္ကူစာပေဆုရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။

(သတင်းစဉ်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၉-၂-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၄.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၃.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၄.၄၅ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၅၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၅ |
| တရုတ် | တစ်ယွမ် | ၁၈၉.၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၀၆ |

ခင်ရတနာ-စုစည်းသည်။

❀ **ရှုဖွယ်မှ**

ချင်းအမျိုးသားနေ့သတ်မှတ်ရေးအဆိုများ တင်သွင်းမှုအပေါ် တက်ရောက်လာသောအမတ်အားလုံး၏ဆန္ဒကိုရယူလျက် ဖလမ်းမြို့တွင် လူထုညီလာခံ ကျင်းပခဲ့သည့် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို “ချင်းအမျိုးသားနေ့” အဖြစ် ရွေးချယ်သတ်မှတ်အတည်ပြုခဲ့ပါသည်။ ၁၉၄၈ ခုနှစ်ကို အစပြု၍သတ်မှတ်ခဲ့သော ချင်းအမျိုးသားနေ့သည် ယခုနှစ်ဆိုလျှင် (၆၈) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှတောင်သို့ သွယ်တန်းနေသော အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်သို့ စီးဝင်နေသော ကုလားတန်မြစ်၊ ရှားပါးအပင်များပေါက်ရောက်ရာနှင့် ရှားပါးသတ္တဝါများ ခိုအောင်းရာ နတ်မတောင်၊ ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားသော စစ်မြေပြင် ကနေဒီတောင်ထိပ်၊ လှပသော ရိဒ်ရေကန်၊ တသွင်သွင် စီးဆင်းနေသော မဏိပူရမြစ်၊ ဘွေနုမြစ်၊ ဘုံတလာရေတံခွန်စသည့် သဘာဝအရင်းအမြစ်များနှင့် မြေပေါ်မြေအောက် သယံဇာတများတည်ရှိရာ နေရာတစ်ခု ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်အနှံ့အပြား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့်ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်းတည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၅ ခုနှစ်အတွင်းက မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် ချင်းပြည်နယ်တစ်ဝန်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရနှင့်ပြည်နယ်အစိုးရတို့က အဓိကလမ်းပိုင်းများကို အမြန်ဆုံးအသစ်ဖောက်လုပ်ပေးခြင်းနှင့် ပြုပြင်ပေးခြင်း၊ နေအိမ်ပြိုကျပျက်စီးခဲ့သည့် သဘာဝဘေးသင့်ပြည်သူများအတွက် ကျေးရွာသစ်နှင့် မြို့ကွက်သစ်များဖော်ထုတ်၍ နေအိမ်များပြန်လည်ဆောက်လုပ်ပေးခြင်းစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးနှင့် အထိရောက်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ယင်းသဘောတူစာချုပ်ကိုအခြေခံပြီး မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပနိုင်ခဲ့ပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အလျောက် ရရှိပြီးတည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့လျှောက်လှမ်းရာတွင် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

❖ **ရှုဖွယ်မှ**

ကောင်စစ်ဝန်ချုပ်နှင့် သံရုံးဝန်ထမ်းများက လော့စ်အိန်ဂျယ်လိစ် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲတွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် မြန်မာအမျိုးသားလေကြောင်းဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ယနေ့ နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း **(ယာပုံ)**၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးဒုတိယအကြီးအကဲတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ရွေးကောက်ပွဲမကျင်းပမီ ကွယ်လွန်သူများ၊ တင်သွင်းလွှာအပယ်ခံရသူများ၊ ရွေးကောက်ပွဲရွှေ့ဆိုင်းထားသော မဲဆန္ဒနယ်များမှ ပုဂ္ဂိုလ်များ၊ ငွေစာရင်းနှစ်နေရာတွင် နှစ်ကြိမ်မှားယွင်းပေးသွင်းခဲ့သူများ၊ အကြောင်းအမျိုးမျိုးကြောင့် အမည်စာရင်းပြန်လည်ရုပ်သိမ်း၍ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသူများ၊ ရွေးကောက်ပွဲအနိုင်ရလွှတ်တော်ကိုယ်စားလှယ်များနှင့် ခိုင်လုံသောဆန္ဒမဲ(၈)ပုံ(၁)ပုံနှင့်အထက်ရရှိသော ပုဂ္ဂိုလ်များ၏ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေများအား သက်ဆိုင်ရာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ပြန်လည်ထုတ်ပေးလျက်ရှိပါသည်။

ပြဋ္ဌာန်းထားသည့် နည်းဥပဒေများအရ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ထုတ်ယူခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းသွားရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေများ ပြန်လည်ထုတ်ယူရမည့်ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ဆက်သွယ်၍ (၃၀-၆-၂၀၁၆) ရက်နေ့ နောက်ဆုံးထားထုတ်ယူသွားကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း သိကောင်းစရာများ ဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံခြားရေးဝန်ထမ်းများ စွမ်းဆောင်ရည်တိုးမြှင့်ရေး အထောက်အကူဖြစ်စေရန်ရည်ရွယ်လျက် လစဉ်ကျင်းပလျက်ရှိသည့် စွမ်းဆောင်ရည်တိုးမြှင့်ရေး အစီအစဉ်တစ်ရပ်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ သိကောင်းစရာများကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဆွေးနွေးဟောပြောသည်။

အဆိုပါအခမ်းအနား၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က အဖွင့်အမှာစကားပြောကြားသည်။ ဟောပြောပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲတွင် အပြန်အလှန်ဆွေးနွေးမှုများ၊ မေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲအခမ်းအနား လှိုင်ကော်၌ ကျင်းပ




**လှိုင်ကော် ဖေဖော်ဝါရီ ၁၉**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် လူမှုရေးဝန်ကြီး ဦးကိုးရယ်က အမှာစကားပြောကြားရာ ပြည်သူများ မျှော်မှန်းသက်တမ်း တိုးမြင့်လာရေးအတွက် တစ်နှစ်အောက် ကလေးသေဆုံးနှုန်း၊ ငါးနှစ်အောက်ကလေးသေနှုန်း လျှော့ချရေးအတွက် သေဆုံးနိုင်သောရောဂါများမှ ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့အနေဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးခြင်းဖြင့် ကူးစက်ရောဂါကိုးမျိုးမှ ကင်းဝေးစေရေးအတွက် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးလေးမျိုး ပိုမိုထည့်သွင်းထိုးနှံခဲ့ကြောင်း ပြောကြားသည်။

အဆိုပါ ပိုလီယိုကာကွယ် ဆေးအပိုဆောင်းတိုက်ကျွေးရန်အတွက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ရပ်ကွက်များအတွင်း လိုက်လံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့၌ ၅ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့၌ ၈ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။** (မိုး/ဇလ)

# ဆီးရီးယားနိုင်ငံသို့ အစားအစာများလေကြောင်းမှချပေးရန် ကုလစီစဉ်



စားနပ်ရိက္ခာများပြန့်ဖြူးရာ ထိန်းသိမ်းခံဆီးရီးယားနိုင်ငံ၏ မိုဒါမီရာမြို့ စစ်မဲ့ဇုန်တွင် လူအုပ်ကြီး အစာရေစာများရရှိရန်စောင့်ဆိုင်းနေစဉ်။

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၉**

အိုင်အက်စ်စစ်သွေးကြွလက်အောက် ကျရောက်နေသော လူဦးရေ ၂၀၀၀၀၀ ခန့်ရှိ ဆီးရီးယားနိုင်ငံ အရှေ့ဘက်မြို့တော် ဒိုင်ယာအယ်ဇာကို အစားအစာနှင့် အခြားအကူအညီများပထမဆုံးအနေဖြင့် လေကြောင်းမှချပေးရန် ကုလသမဂ္ဂအဖွဲ့မှ စီစဉ်လျက်ရှိကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းအဖွဲ့အကြီးအကဲက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ကုလသမဂ္ဂအကူအညီပေးရေးအဖွဲ့များသည် နိုင်ငံ၏မြို့တော်အပါအဝင် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွထိန်းချုပ်နယ်မြေများသို့ တိုက်ရိုက်သွားလာခွင့်မရရှိပေ။ ယင်းဒေသများတွင် အပြစ်မဲ့ပြည်သူအများအပြား အစာရေစာပြတ်လပ်ခြင်းကိုခံစားနေရပြီး ယိုယွင်းပျက်စီးနေသောအခြေအနေများနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

ကုလသမဂ္ဂယာဉ်တန်းသည် အစိုးရနှင့် သူပုန်ထိန်းချုပ်နယ်မြေများအပါအဝင် နယ်မြေငါးခုသို့ရောက်ရှိခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့တစ်ခုဖြစ်သော ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) က လာမည့်ရက်များတွင် လေကြောင်းမှ အစားအစာများချပေးရန် ပြင်ဆင်နေကြောင်း နော်ဝေဒုက္ခသည်ဆိုင်ရာ အေဂျင်စီမှ ဂျန်အက်ဂီလန်ကပြောခဲ့သည်။ “ဒါက တကယ့်ကို ရှုပ်ထွေးတဲ့ စစ်ဆင်ရေးတစ်ရပ်ပါ”ဟု ၎င်းက ဂျီနီဗာတွင် သတင်းထောက်များကို ပြောခဲ့သည်။

အစိုးရနှင့် အတိုက်အခံများကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လာမည့်အပတ်တွင်ပြန်လည်စတင်မည်ဖြစ်ကြောင်းသိရပြီး နှစ်ဖက်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးဝိုင်းမှာ အဖြေရှာခြင်းဖြင့် ဆီးရီးယားပဋိပက္ခပြေလည်မည်ဟု မျှော်လင့်ကြောင်းဟု ၎င်းကပြောကြားခဲ့သည်။

(ရိုက်တာ)

# ကန်သမ္မတ ပြုံယမ်းအပေါ် အရေးယူပိတ်ဆို့မှုတိုးမြှင့်ပြုလုပ်ရန် ဥပဒေတစ်ရပ်လက်မှတ်ရေးထိုး



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှုများတိုးမြှင့်ပြုလုပ်ရန် ဥပဒေတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်သည်။ မြောက်ကိုရီးယား၏ မကြာသေးမီက နျူကလီးယားစမ်းသပ်မှု ပြုလုပ်ပြီးနောက် အမေရိကန်သမ္မတက မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှုပြုလုပ်ရန် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။ လွှတ်တော်နှစ်ရပ်သည် လွန်ခဲ့သောအပတ်က ယင်းဥပဒေကို အတည်ပြုခဲ့ပြီးနောက် အိုဘားမားက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

လူ့အခွင့်အရေး အလွဲသုံးစားလုပ်ခြင်းများ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့်မြောက်ကိုရီးယားတွင် အဖျက်လက်နက် တိုးပွားလာခြင်းအပါအဝင် အရေးကြီးသော အကြောင်းအရာများ၊ တစ်ဦးချင်းခရီးသွားခွင့် တားမြစ်ခြင်းနှင့် အခြားထိန်းချုပ်ကန့်သတ်ချက်များစသည်တို့ကို ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် အမေရိကန်အစိုးရက လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။

ထို့အပြင် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ယင်းနိုင်ငံသို့ မည်သူမဆို အလူမီနီယံ၊ အခြားသောသတ္တုများနှင့် ဆော့ဝဲများကို ရောင်းချတင်သွင်းခြင်း မပြုလုပ်နိုင်ရန် အရေးယူပိတ်ဆို့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပြုလုပ်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်နေသော တရုတ်ကုမ္ပဏီများကို အကျိုးသက်ရောက်မှုများ ဖြစ်စေမည်ဖြစ်ကြောင်း အချို့လေ့လာစောင့်ကြည့်သူများက ဆိုသည်။

ဂျပန်နိုင်ငံကလည်း မြောက်ကိုရီးယားကို ခရီးသွားလာခြင်းဆိုင်ရာ အရေးကိစ္စများအပေါ် အရေးယူပိတ်ဆို့မှုများ တင်းကျပ်စွာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သလို တောင်ကိုရီးယားကလည်း မြောက်ကိုရီးယားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ကေဆောင်းစက်မှုဇုန်ကို ပိတ်ထားလိုက်ပြီဖြစ်သည်။ (အင်န်အိတ်ချ်ကေ)

# မဲခေါင်မြစ်ဝှမ်းဒေသ အဆိုးရွားဆုံးမိုးခေါင်မှုနှင့် ကြုံတွေ့၊ ဆားငန်ရေများ ရာစုနှစ်ကြာဝင်ရောက်

**ဟိုချီမင်း ဖေဖော်ဝါရီ ၁၉**

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသအစိတ်အပိုင်းများ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀နီးပါးခန့်ကတည်းက ဆားငန်ရေများဝင်ရောက်လာကာ ဆိုးရွားစွာမိုးခေါင်ရေရှားခြောက်သွေ့လာကြောင်း ဒေသတွင်းသတင်းမီဒီယာများက သောကြာနေ့တွင် သတင်းဖော်ပြခဲ့သည်။

မဲခေါင်မြစ်ဝှမ်းဒေသသို့ ပင်လယ်ရေများ ဆက်လက်ဝင်ရောက်ပြီး မိုးခေါင်ရေရှားဖြစ်ခြင်းကြောင့် ဆန်စပါးနှင့် သီးပင်စားပင်များစိုက်ပျိုးရာ မြေဧရိယာများကို ပျက်စီးစေရုံသာမက သစ်တော၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများကိုပါ ဆိုးရွားစွာထိခိုက်လာကြောင်း၊ ထို့အပြင် တောင်ဘက်မြို့ အများအပြားနှင့် ဒေသအတော်များများတွင်လည်း ရေချို ပြတ်လပ်မှုများနှင့်ကြုံတွေ့နေရကြောင်း နေ့စဉ်သတင်းစာတီယန်ဖန် (ပိုင်အိုးနီးယား) သတင်းစာက ဖော်ပြသည်။

မိုးခေါင်ရေရှားခြင်းနှင့် ဆားငန်ရေဝင်ရောက်လာခြင်းကြောင့် ဗီယက်နမ်ဒေါင်ငွေ ၁၀၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၄သန်းနီးပါး) တန်ဖိုးခန့်ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ကာဒက်ဖက်က ပြောခဲ့သည်။ (ဆင်ဟွာ)

# နိုင်ငံတကာပညာရှင်များကိုဆွဲဆောင်ရန် တရုတ်၏ အမြဲတမ်းနေထိုင်ခွင့်လျှောက်လွှာဆိုင်ရာ အချက်အလက်များလျှော့ပေါ့

**ပေကျင်း ဖေဖော်ဝါရီ ၁၉**

နိုင်ငံတကာပညာရှင်များကို ဆွဲဆောင်နိုင်ရန် မျှော်လင့်ချက်ဖြင့် တရုတ်နိုင်ငံသည် နိုင်ငံခြားသားများအတွက် အမြဲတမ်းနေထိုင်ခွင့်လျှောက်လွှာဆိုင်ရာ အချက်အလက်များလျှော့ပေါ့ပေးမည်ဖြစ်ပြီး ၎င်းတို့ကို ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

စီးပွားရေးနှင့် လူမှုရေးဆိုင်ရာတိုးတက်မှုများဖြစ်ပေါ်စေရန် တရုတ်နိုင်ငံသည် ပိုမိုပွင့်လင်းသော လုပ်ဆောင်မှုများနှင့်အတူ ပြင်ပမှကျွမ်းကျင်ပညာရှင်များကို ပိုမိုစိတ်ဝင်စားနေကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အမြဲတမ်းနေထိုင်ခွင့်မူဝါဒသည် ပိုမိုတိုးတက်ကောင်းမွန်လာဖွယ်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)

# တောင်ဆူဒန်ရှိ ကုလသမဂ္ဂအဆောက်အအုံဝင်းအတွင်း တိုက်ခိုက်မှုဖြစ်၊ ၁၈ ဦးသေဆုံး

**ဂျူဗား ဖေဖော်ဝါရီ ၁၉**

တောင်ဆူဒန်ရှိ ကုလသမဂ္ဂအဆောက်အအုံဝင်းအတွင်း ပဋိပက္ခတစ်ခုဖြစ်ပွားရာ နယ်စည်းမခြား ဆေးတပ်သားနှစ်ဦးအပါအဝင် ၁၈ ဦးသေဆုံးခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာကျန်းမာရေးကူညီစောင့်ရှောက်မှုအဖွဲ့က ပြောသည်။

တောင်ဆူဒန်၌ ၂၀၁၃ ဒီဇင်ဘာလက သမ္မတ ဆာလ်ဗာကီယာနှင့် ရာထူးမှဖယ်ရှားခံခဲ့ရသော လက်ထောက်ရိက်မာချာတို့အကြား မျိုးနွယ်စုပြဿနာများဖြစ်ပွားရင်း ပြည်တွင်းစစ်ဖြစ်ခဲ့သည်။ ထိုစဉ်ကတည်းက လူအများစုမှာ ကုလသမဂ္ဂ စီမံအုပ်ချုပ်သည့် ပြည်သူများအတွက် အကာအကွယ်ပေးထားသောနေရာများတွင် နေထိုင်ခဲ့ကြသည်။ ၂၀၁၃ ခုနှစ်ကတည်းက လူပေါင်းနှစ်သန်းကျော်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ထောင်ပေါင်းများစွာ သေကျေပျက်စီးခဲ့သည်။

သမ္မတဆာလ်ဗာကီယာနှင့် ရာထူးမှဖယ်ရှားခံရသော လက်ထောက် ရိက်မာချာတို့ သည် လူထောင်ပေါင်းများစွာသေစေသောအကြမ်းဖက်မှုကိုအဆုံးသတ်ရန် လွန်ခဲ့သောဩဂုတ်လက လက်မှတ်ရေးထိုးခဲ့ကြသည်။

(ရိုက်တာ)



နိုင်ဂျီးရီးယားနိုင်ငံ ဘော်နိုပြည်နယ်မြောက်ပိုင်း ဂူလမ်ဘာဒေသရှိ ဘိုကိုဟာရမ်အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းများကို တွေ့ရစဉ်။

# နိုင်ဂျီးရီးယားတပ်ဖွဲ့က ဘိုကိုဟာရမ်စစ်သွေးကြွများလက်မှ ဓားစာခံ ၁၉၅ ဦးကို ကယ်ထုတ်

**လာဂို့စ် ဖေဖော်ဝါရီ ၁၉**

နိုင်ဂျီးရီးယားတပ်ဖွဲ့များသည် ဖေဖော်ဝါရီ ၁၆ ရက်က ဘိုကိုဟာရမ်အကြမ်းဖက်သောင်းကျန်းသူများ၏စခန်းများကို ရှာဖွေဖျက်ဆီးခဲ့ကာ ဓားစာခံ ၁၉၅ဦးကို ကယ်ထုတ်ခဲ့သည်။

ထို့အပြင် နိုင်ဂျီးရီးယားတပ်ဖွဲ့များသည် ဘိုကိုဟာရမ်အကြမ်းဖက်သမားအတော်များများကို သုတ်သင်ခဲ့ကြောင်း သိရသည်။ (ဆင်ဟွာ)

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၄)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ကျင်းပရာ နေပြည်တော်တပ်ကုန်းမြို့ မြို့ဦးကျောင်းတိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တပဏ္ဏဝနှင့် သံဃာတော်ကိုးပါး၊ တပ်ကုန်းမြို့ ငွေတောင်ကျောင်းတိုက်မှ သံဃာတော်ကိုးပါး စုစုပေါင်းသံဃာတော် ၁၉ ပါးတို့ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များ၊ ဂေါပက ရုံးဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ် တပ်နယ်ဝတ်အသင်းအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေမှ ဝတ်အသင်းအဖွဲ့ဝင်များ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသောသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၄)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြကြောင်း သိရသည်။ **သီဟန်သိန်း(အေးချမ်းမြေ)**

# ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရားပွဲတော် တစ်လကြာ ကျင်းပမည်

ငပုတော ဖေဖော်ဝါရီ ၁၉

**မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားသောဘုရားပွဲတော်များအနက် တစ်ခုဖြစ်သော ဆံတော်ရှင်မြတ်မော်တင်စွန်း ဘုရားပွဲတော်ကို တပို့တွဲလပြည့်နေ့မှ တပေါင်းလပြည့်နေ့အထိ တစ်လကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**



ပွဲတော်ကာလတွင် ဘုရားဖူးခရီးသည်များ သွားလာရေးလွယ်ကူစေရန် ရန်ကုန်မြို့ မော်တင်ဆိပ်ကမ်းနှင့် ဘုန်းကြီးလမ်းဆိပ်ကမ်းတို့မှ လုံခြုံစိတ်ချရသော ကမ်းရိုးတန်းသွားရေယာဉ်များ စီစဉ်ထားရှိသည်။

အော်ဒါစီးလုံးငှား လေအိတ်မှန်လုံမော်တော်ယာဉ်များဖြင့် စေတီတော် တောင်ခြေအထိ တိုက်ရိုက်သွားနိုင်ရန် မိုင်တိုင်အမှတ်(၉၅/၆)မှ လမ်းဖောက်လုပ်ထားရှိပြီးဖြစ်သည်။ ဘုရားဖူးဧည့်သည်များ အဆင်ပြေစွာ တည်းခိုနိုင်ရန် စေတီတော်ကြီး၏ အနောက်ဘက်ကမ်းခြေတွင် အခန်း ၅၀ ပါ ဟိုတယ်နှစ်လုံး ဖွင့်လှစ်ထားရှိပြီး မြွေတောင်ရေချိုးဆိပ်ပင်လယ်ကမ်းခြေအလှအပတို့ကို ခံစားရင်း အပန်းဖြေနားနေနိုင်မည်ဖြစ်ကြောင်း ကျင်းပရေး ကော်မတီဝင်တစ်ဦးက ပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

# သန်လျင်ကျိုက်ခေါက်ဘုရားပွဲတော် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်၏ တပို့တွဲလဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၄ ရက်အထိ ကိုးရက်တိုင်ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

သန်လျင်ကျိုက်ခေါက်ဘုရားပွဲတော်ကြီးတွင် နာရီ ၉၀ ကြာ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ရွှေသက်န်းနှင့် ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ထမနဲထိုးပွဲ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ၊ ခြင်းအလှခတ်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၊ ဇာတ်သဘင် ပျော်ပွဲရွှင်ပွဲများအပြင် အနယ်နယ်အရပ်ရပ်မှ ဒေသထွက်ကုန်များရောင်းချသည့် စျေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ဖြင့် တည်ခင်းရောင်းချလျက်ရှိသည်။

စေတီတော်ဂေါပကအဖွဲ့အနေဖြင့် ယခုနှစ် ဘုရားပွဲတော်တွင် စေတီတော်၏အထက်ပစ္စယာသို့ တက်ရောက်ဖူးမြော်နိုင်ရန်အတွက် စီစဉ်ပေးထားရာ အမျိုးသားဘုရားဖူးဧည့်သည်များ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

# မိတ္ထီလာ၌ သိမ်ကိုးသိမ်လှည့်လည်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၉**

မိတ္ထီလာတွင် တပေါင်းလပြည့်နေ့တိုင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကို မတ်လ ၂၃ ရက် (တပေါင်းလပြည့်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ စည်းလုံးညီညွတ်စွာဖြင့် နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲ ကျင်းပပြုလုပ်သည့် တပေါင်းလပြည့်နေ့မှ တပေါင်းလပြည့်ကျော် ၄ ရက်အထိ မဟာပဋ္ဌာန်းကျမ်းမြတ်ကို အဆိုပါသိမ်များ၌ သံဃာတော်များက တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်ကြသည်။ **ချမ်းသာ(မိတ္ထီလာ)**



# ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်နှင့် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ရန် ငွေကျပ်သိန်း ၁၆၀၀၀ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်နှင့် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃ နာရီက ကျင်းပရာ အခမ်းအနားသို့ အောက်စဖို့ဒ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိ အမှူးပြုသော ဆရာတော်အရှင်သူမြတ် ငါးပါး၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေး၊ ကမ္ဘောဇဘဏ်လီမိတက် ဒါရိုက်တာများဖြစ်ကြသော ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ကမ္ဘောဇဘဏ်လီမိတက် အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ဗုဒ္ဓတက္ကသိုလ်နှင့် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရန်အတွက် လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၃၀၀၀ ကို ဗုဒ္ဓတက္ကသိုလ်များအသင်း အတွင်းရေးမှူးချုပ် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိထံ ဆပ်ကပ်လှူဒါန်းကြသည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်နှင့် ဘွဲ့နှင်းသဘင်ခန်းမအတွက် ကနဦး လှူဒါန်းငွေကျပ်သိန်း ၃၀၀၀ နှင့် ယခု လှူဒါန်းငွေကျပ်သိန်း ၁၃၀၀၀ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်းပေါင်း ၁၆၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးကျော်မင်းဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်အသုံးချရေး<br>ဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) ဦးကျော်မြင့်လှိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့်<br>ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးကံချွန်<br>အထွေထွေမန်နေဂျာ<br>အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ခ) ဒေါ်နုနုယဉ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (ဂ) ဒေါ်ခင်ချိုအုန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (ဃ) ဦးအောင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (င) ဒေါ်မြင့်မြင့်ကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘဏ်တွင်းစာရင်းစစ်ဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (စ) ဒေါ်မေမာလာမောင်ကြီး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မူဝါဒရေးရာသုတေသန၊<br>နိုင်ငံတကာဆက်ဆံရေးနှင့်<br>သင်တန်းဌာနနှင့်ငွေကြေး<br>မူဝါဒရေးရာဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့်<br>ဘဏ်လုပ်ငန်း<br>ဥပဒေစည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဆ) ဒေါ်သီတာမျိုးအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်<br>စစ်ဆေးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်<br>စစ်ဆေးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဇ) ဦးဝင်းသော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ တွင်ပါရှိသည့် နေပြည်တော်ရှိ ကရဏာကမ္ဘာဘိုးဘွားရိပ်သာ တည်ဆောက်ရေးစီမံကိန်း ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးသတင်း၏ ဒုတိယစာပိုဒ် စာကြောင်းရေ (၈)တွင် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်းအဖွဲ့**



# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အီတလီသံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Tore Hattrem ဦးဆောင်သည့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H. E. Mr. Pier Giorgio ALIBERTI အား **(ဝဲပုံ)** မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အီတလီနိုင်ငံသံအမတ်ကြီးနှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E.Mr. Pier Giorgio ALIBERTI အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Tore Hattrem ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား **(ယာပုံ)**ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms. Ann Ollestad လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ် စတုတ္ထနေ့နှင့် နောက်ဆုံးနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ် စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၊နိုင်ငံတကာ ပါလီမန်များအဖွဲ့ (IPU) တို့မှ ဌာနေ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ ပါလီမန်များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင်က တတိယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်များနှင့် စတုတ္ထနေ့၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ဟောင်ကောင် လွှတ်တော်မှ Mr. Paul TseWai-Chunနှင့် ဩစတြေးလျ အောက်လွှတ်တော်မှ Ms.Nola Marino တို့က "ဥပဒေပြုရေးလုပ်ငန်းစဉ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Panel discussion တွင် "ကိုယ်စားလှယ်များ၏ ဥပဒေပြုရေး တာဝန်"နှင့် "ဥပဒေကြမ်းတစ်ခုအား ပြန်လည်သုံးသပ်ရန် မေးခွန်းထုတ်ခြင်း"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Group Discussion တွင် "အလုပ်တာဝန်များကို စီမံခန့်ခွဲခြင်း"၊ "အမျိုးသမီး ကိုယ်စားလှယ်များအတွက် ကြုံတွေ့နိုင်သော အခက်အခဲများ"နှင့် "ကိုယ်စားလှယ်များ၏ တစ်နေ့တာမှတ်တမ်း"ခေါင်းစဉ် များဖြင့်လည်းကောင်း ဆွေးနွေးခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ် နောက်ဆုံးနေ့ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌများနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် UK အောက်လွှတ်တော်ကိုယ်စားလှယ် Ms.Meg Munn တို့က လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်အပေါ် အနှစ်ချုပ်ဆွေးနွေးကြသည်။

ဆက်လက်၍ Ms.Meg Munn၊ Ms. Janelle Saffin နှင့် လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဒေါ်ဒွဲဘူတို့က ပါဝင်ပံ့ပိုး၍ "အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်"နှင့် "အကျိုးရလဒ်များရရှိခြင်း" ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mr. Chen Chen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် အမျိုးသားလွှတ်တော်(J)ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**ဖေဖော်ဝါရီ ၁၉ ရက်က အီဂျစ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း H.E. Mr. BOUTROS BOUTROS GHALI ကွယ်လွန်သဖြင့် ရန်ကုန်မြို့ရှိ အီဂျစ်သံရုံးတွင် ဖွင့်လှစ်ထားသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူ လက်မှတ်ရေးထိုးစဉ်။**
(သတင်းစဉ်)

# မွေးစမှ ၅ နှစ်အထိ ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**မော်လမြိုင် ဖေဖော်ဝါရီ ၁၉**

မွေးစမှ အသက်ငါးနှစ်အထိ ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ မွန်ပြည်နယ်အတွင်း မြို့နယ်များတွင် တစ်ပြိုင်နက် တိုက်ကျွေးသွားမည် ဖြစ်ကြောင်း ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း ကလေးစုစုပေါင်း ၁၉၀၆၁၂ ဦးအား ဆေးတိုက်အဖွဲ့ပေါင်း ၇၈၀ ဖွဲ့က စုရပ်ပေါင်း ၁၆၂၆ ခုဖြင့် တိုက်ကျွေးခြင်းအပြင် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ပြည်နယ်အဆင့်သင်တန်း၊ မြို့နယ်အဆင့်သင်တန်းများကို ဖေဖော်ဝါရီ ပထမပတ်တွင် လည်းကောင်း၊ နှီးနွှယ်ဆက်စပ်သော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ တင်ပြဆွေးနွေးခြင်းကို ဒုတိယပတ်တွင် လည်းကောင်း၊ ဆောင်ရွက်ခဲ့ပြီး ငါးနှစ်အောက် ကလေးများ တစ်ယောက်မကျန် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်သည်။

ပြည်နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မိုးဝေ(ပြန်/ဆက်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပ၊ ကော်မတီသုံးရပ်ဖွဲ့စည်းခြင်းဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမမြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီသုံးရပ် ဖွဲ့စည်းခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီများ ဖွဲ့စည်းရေးတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ**(ယာယီ)**က ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် လှိုင်သာယာမဲဆန္ဒနယ်မှ ဒေါက်တာသန်းမြင့်နှင့် အတွင်းရေးမှူးအဖြစ် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် အပါအဝင်အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းတို့ကို လည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် အတွင်းရေးမှူးအဖြစ် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး အပါအဝင်အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းတို့ကို လည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့အတူ ပညာရေးမြှင့်တင်မှု ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်နှင့် အတွင်းရေးမှူးအဖြစ် တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းတို့ကိုလည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းနှင့် အတွင်းရေးမှူး အဖြစ် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်တို့ဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တို့နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်းနှင့် အတွင်းရေးမှူးအဖြစ် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ ဦးအေးနိုင်တို့ဖြင့် ဖွဲ့စည်းရန်လျာထားကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းနှင့် အတွင်းရေးမှူးအဖြစ် ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေတို့ဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း (၁၉-၂-၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | လှိုင်သာယာမဲဆန္ဒနယ် | ဒေါက်တာသန်းမြင့် | ဥက္ကဋ္ဌ |
| ၂။ | ပင်းတယမဲဆန္ဒနယ် | ဦးစိုးမြင့် | အဖွဲ့ဝင် |
| ၃။ | ဒဂုံမဲဆန္ဒနယ် | ဒေါက်တာ ဒေါ်သက်သက်ခိုင် | ။ |
| ၄။ | ကျုံပျော်မဲဆန္ဒနယ် | ဦးစိုးအောင်နိုင် | ။ |
| ၅။ | လယ်ဝေးမဲဆန္ဒနယ် | ဦးမျိုးဇော်ဦး | ။ |
| ၆။ | အုတ်တွင်းမဲဆန္ဒနယ် | ဒေါ်ချိုချို | ။ |
| ၇။ | သရက်မဲဆန္ဒနယ် | ဦးကံမြင့် | ။ |
| ၈။ | ရေဖြူမဲဆန္ဒနယ် | ဦးသက်နိုင်ဦး | ။ |
| ၉။ | ဟိုပုန်းမဲဆန္ဒနယ် | ဦးခွန်အောင်ကျော် | ။ |
| ၁၀။ | မြောက်ဦးမဲဆန္ဒနယ် | ဦးဦးလှစော | ။ |
| ၁၁။ | ကျောက်မဲ မဲဆန္ဒနယ် | ဦးစိုင်းထွန်းအောင် | ။ |
| ၁၂။ | ပျော်ဘွယ်မဲဆန္ဒနယ် | ဦးသောင်းအေး | ။ |
| ၁၃။ | သာစည်မဲဆန္ဒနယ် | ဦးသန်းစိုး | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးချုပ်တင်စိုး | ။ |
| ၁၅။ | ပုလဲမဲဆန္ဒနယ် | ဒေါ်ခင်စန်းလှိုင် | အတွင်းရေးမှူး |

**ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၁၉-၂-၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကျိုက်လတ်မဲဆန္ဒနယ် | ဦးရန်လင်း | ဥက္ကဋ္ဌ |
| ၂။ | ချောင်းဦးမဲဆန္ဒနယ် | ဦးမျိုး | အဖွဲ့ဝင် |
| ၃။ | မုဒုံမဲဆန္ဒနယ် | ဦးစောထွန်း | ။ |
| ၄။ | နမ့်ဆန်မဲဆန္ဒနယ် | ဦးဝင်းထူး | ။ |
| ၅။ | ရေစကြိုမဲဆန္ဒနယ် | ဦးတိုးရွှေ(ခ) ဒေါက်တာတင်ငွေအောင် | ။ |
| ၆။ | မင်းလှမဲဆန္ဒနယ် | ဒေါက်တာသန်းအောင်စိုး | ။ |
| ၇။ | မိုင်းဆတ်မဲဆန္ဒနယ် | ဦးစိုင်းခတ္တိယ | ။ |
| ၈။ | ဆီဆိုင်မဲဆန္ဒနယ် | ဦးခွန်သန်းထူး | ။ |
| ၉။ | သီပေါမဲဆန္ဒနယ် | ဦးစိုင်းသန့်ဇင် | ။ |
| ၁၀။ | ရပ်စောက်မဲဆန္ဒနယ် | ဦးခင်မောင်မြင့် | ။ |
| ၁၁။ | ကျောက်ပန်းတောင်း မဲဆန္ဒနယ် | ဦးရွှေကို | ။ |
| ၁၂။ | ပူတာအိုမဲဆန္ဒနယ် | ဦးမိုးရွှေ | ။ |
| ၁၃။ | ဝမဲဆန္ဒနယ် | ဦးမြင့်ဝေ | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီးခင်မောင်ထွန်း | ။ |
| ၁၅။ | အင်းစိန်မဲဆန္ဒနယ် | ဦးမောင်မောင်ဦး | အတွင်းရေးမှူး |

**ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ အဖွဲ့ဝင်များစာရင်း (၁၉-၂-၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကျောက်ဆည်မဲဆန္ဒနယ် | ဒေါက်တာတင်အောင် | ဥက္ကဋ္ဌ |
| ၂။ | ဖလမ်းမဲဆန္ဒနယ် | ဒေါက်တာဆလိုင်းရီယန်း ဗဲလ်(ခ)ဆလိုင်းရန်းဗယ် | အဖွဲ့ဝင် |
| ၃။ | မိတ္ထီလာမဲဆန္ဒနယ် | ဒေါက်တာမောင်သင်း | ။ |
| ၄။ | ကျိုက်မရောမဲဆန္ဒနယ် | ဦးစောကျော်ဝင်းမောင် | ။ |
| ၅။ | ခနောင်ဖြူမဲဆန္ဒနယ် | ဦးတင်လှ | ။ |
| ၆။ | သယ်နန်းကျွန်းမဲဆန္ဒနယ် | ဦးရွှေလှ(ခ) ဦးရွှေလှဝင်း | ။ |
| ၇။ | ဟုမ္မလင်းမဲဆန္ဒနယ် | ဦးမျိုးညွန့် | ။ |
| ၈။ | ကံမမဲဆန္ဒနယ် | ဦးစိန်ဟန် | ။ |
| ၉။ | မိုးမောက်မဲဆန္ဒနယ် | ဦးဝင်းအောင် | ။ |
| ၁၀။ | တန့်ဆည်မဲဆန္ဒနယ် | ဦးမြင့်ထွန်း | ။ |
| ၁၁။ | ကျောက်ကြီးမဲဆန္ဒနယ် | ဦးမြင့်ငွေ | ။ |
| ၁၂။ | မချမ်းဘောမဲဆန္ဒနယ် | ဦးနန်မွန်ထင် | ။ |
| ၁၃။ | ရမ်းဗြဲမဲဆန္ဒနယ် | ဦးကျော်ရွှေ | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးချုပ်စိုးမြင့် | ။ |
| ၁၅။ | တွန်းဇံမဲဆန္ဒနယ် | ဦးခမ်ခန့်ထန် | အတွင်းရေးမှူး |

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီသုံးရပ်ဖွဲ့ စည်းခြင်းဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက **အမျိုးသားလွှတ်တော် အစည်းအဝေး ခန်းမ၌ကျင်းပရာ** (အပေါ်ပုံ)**ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီ** သုံးရပ် ဖွဲ့စည်းခြင်းနှင့် **သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရေး** တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာဝင်းမြတ်အေးနှင့် အတွင်းရေးမှူးအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေးနှင့် အတွင်းရေးမှူး အဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အလားတူ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာငွေးကြွယ်နှင့် အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့ပြင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက သတ္တုသယံဇာတနှင့်

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# ကိစ္စရပ်တစ်ခုကို ဝေဖန်ချင်တယ်ဆိုရင် သူ့ရဲ့အကြောင်းအရာကို လေ့လာပြီးတော့မှ အပြုသဘောနဲ့ ဝေဖန်ထောက်ပြတာကောင်းပါတယ်၊ သေချာမလေ့လာဘဲနဲ့ ဝေဖန်ထောက်ပြနေမယ်ဆိုရင် အနှောင့်အယှက်ဖြစ်စေနိုင်


ဦးကျော်စိုး


Edin Elgsaether


ဦးတင်အောင်ချို


စိုင်းသီဟကျော်(ခ)စိုင်းဟပ်


ဒေါ်အေးမြမြမျိုး


ဒေါက်တာ သက်သက်ခိုင်

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ် (Induction Programme) ကို လွှတ်တော်ရုံးအသီးသီးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ နိုင်ငံတကာ ပါလီမန်များအဖွဲ့ (Inter Parliamentary Union-IPU) နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီပေးရေး အစီအစဉ်အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အထိ နေပြည်တော် လွှတ်တော်ဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

ထိုကဲ့သို့ ဆောင်ရွက်မှုအပေါ် လူမှုကွန်ရက်အချို့၌ နိုင်ငံတော်နှင့် ဥပဒေပြုလွှတ်တော်များ၏ ဂုဏ်သိက္ခာ၊ နိုင်ငံတကာဆက်ဆံရေးနှင့် UNDP ၊ IPU အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီထောက်ပံ့မှုများကို ထိခိုက်စေသော အချက်များ၊ ပြည်သူများ အထင်အမြင်လွဲမှားစေနိုင်သည့် ထင်မြင်ယူဆချက်များကို ရေးသားဖော်ပြလျက်ရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က ထုတ်ပြန်ကြေညာချက်အမှတ် (၂/၂၀၁၆)ဖြင့် အပြုသဘောမဆောင်သည့် ရေးသားဖော်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်သူလူထုအနေဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ အစီအစဉ်တွင် စီစဉ်ဆောင်ရွက်ခဲ့ကြသူများနှင့် တက်ရောက်ခဲ့ကြသူများ၏ စကားသံများကို ပြန်လည်မျှဝေလိုက်ရပါသည်။

**ဦးကျော်စိုး**
**ညွှန်ကြားရေးမှူးချုပ်**
**ပြည်ထောင်စုလွှတ်တော်**

လွှတ်တော်မှာ ကိုယ်စားလှယ်တွေအတွက် နိုင်ငံတကာအတွေ့အကြုံတွေ မိတ်ဆက်ပေးနေတာနဲ့ ပတ်သက်ပြီးပြောရရင် အချိန်တိုအတွင်း တစ်နေရာတည်းမှာပဲ နိုင်ငံတကာရဲ့ အတွေ့အကြုံတွေကိုရနိုင်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒေသတစ်ခုတည်းမဟုတ်ဘဲ နိုင်ငံ ၁၀ နိုင်ငံက ကိုယ်စားလှယ်တွေပါတယ်။ အာဆီယံနိုင်ငံတွင်းဆိုရင် မလေးရှားတို့၊ ဖိလစ်ပိုင်တို့ ပါပါတယ်။ ပါကစ္စတန်၊ ဘူတန်၊ ကိုရီးယား၊ နယူးဇီလန်၊ သြစတြေးလျ၊ အမေရိကန်စတဲ့ ကိုယ်စားလှယ်တွေပါပါတယ်။

ဘယ်နိုင်ငံ ဘယ်ဒေသက လွှတ်တော်တွေမှာပဲဖြစ်ဖြစ် အခြေခံဆောင်ရွက်ရမယ့် လုပ်ငန်းတွေဖြစ်တဲ့ ဥပဒေပြုခြင်း၊ စောင့်ကြည့် လေ့လာခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းဆိုတဲ့ လုပ်ငန်းတွေမှာပဲ အခြေခံပြီး အတွေ့အကြုံတွေကို မျှဝေပေးတဲ့သဘော ဖြစ်ပါတယ်။

အခုလို ဆောင်ရွက်တာဟာ ကိုယ်စားလှယ်တစ်ဦးတစ်ယောက်၊ တစ်ပါတီ၊ အဖွဲ့အစည်းတစ်ခုတည်းအတွက် မဟုတ်ပါဘူး။ ဒုတိယအကြိမ် လွှတ်တော်မှာ ပါဝင်လာတဲ့ လွှတ်တော် ကိုယ်စားလှယ်အသစ်များအားလုံးနဲ့ လွှတ်တော်ရုံးဝန်ထမ်းတွေရဲ့ အရည်အသွေးမြှင့်တင်မှုကို ဆောင်ရွက်နိုင်ဖို့ ဒီအစီအစဉ်ကိုပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့နဲ့ပူးပေါင်းဆောင်ရွက်နေတဲ့ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းတွေဟာ ကျွန်တော်တို့ရဲ့ လွှတ်တော်နယ်ပယ်ရော၊ အခြားအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းနယ်ပယ်မှာရော၊ ရွေးကောက်ပွဲ၊ တရားစီရင်ရေးပိုင်းမှာလို ကိစ္စရပ်မျိုးစတဲ့ နယ်ပယ်အနှံ့မှာ အကူအညီပေးနေတဲ့ အဖွဲ့အစည်းတွေဖြစ်ပါတယ်။ တချို့က အဲဒီကိစ္စတွေကို ရောထွေးပြီးတော့ ပြည်သူတွေ အမြင်တစ်မျိုးဖြစ်အောင် ပြုလုပ်နေတဲ့ ဝေဖန်မှုတွေဟာ လက်ရှိခေတ်စနစ်အောက်မှာ လိုက်လျောညီထွေမှုမရှိဘဲ ကျဉ်းမြောင်းတဲ့ အမြင်ရှိတဲ့သူတွေရဲ့ ဝေဖန်မှုလို့ ထင်ပါတယ်။ ကိုယ်စားလှယ်တွေ အပါအဝင် ပြည်သူများကနေပြီး ဒီဝေဖန်မှုတွေအပေါ်မှာ ထင်ယောင်ထင်မှားမဖြစ်အောင် သိရှိနိုင်အောင် ထုတ်ပြန်ချက်တွေ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

အဓိက ဆောင်ရွက်ပေးတာကတော့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ နိုင်ငံတကာ ပါလီမန်များအဖွဲ့၊ အမေရိကန်၊ သြစတြေးလျ၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ပါကစ္စတန်၊ ဘူတန်၊ မလေးရှား၊ အရှေ့တီမော၊ UNDP နဲ့ နိုင်ငံတကာ ပါလီမန်များအဖွဲ့အစည်းတွေရဲ့ မိတ်ဖက်အဖွဲ့အစည်း တွေကလည်း ပါဝင်ကူညီကြပါတယ်။

အခုလို ဖွဲ့စည်းမှုတွေ မတူဘဲ ကွဲပြားတဲ့နိုင်ငံတွေက လွှတ်တော်အတွေ့အကြုံတွေကို ဆွေးနွေးပို့ချတဲ့အခါမှာ အတွေ့အကြုံကောင်းတွေကို ပိုမိုရရှိနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ အခုဆွေးနွေးတာတွေက လွှတ်တော်ဆိုင်ရာ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး အခြေခံကောင်းတွေ ရရှိဖို့ပါပဲ။

**Edin Elgsaether**
**Programme Specialist,**
**Parliament Democratic Governance Unit United Nations Development Programme**

လွှတ်တော် ကိုယ်စားလှယ်အတွက် သင်ကြားရေးဆိုတာထက် အတွေ့အကြုံကို ဝေမျှတဲ့သဘောပါ။ ဒီကို လာပို့ချပေးနေတဲ့ ပုဂ္ဂိုလ်တွေက ဘူတန်၊ မလေးရှား၊ ကိုရီးယား၊ အရှေ့တီမော၊ သြစတြေးလျ၊ အမေရိကန်စတဲ့နိုင်ငံက လွှတ်တော်ကိုယ်စားလှယ်တွေလာပြီးတော့ သူတို့ရဲ့ အတွေ့အကြုံတွေကို မြန်မာနိုင်ငံက လွှတ်တော်ကိုယ်စားလှယ် အသစ်တွေထံ ဝေမျှကြတာဖြစ်ပါတယ်။

ဝေမျှတဲ့ အတွေ့အကြုံတွေထဲမှာ ဘာတွေပါလဲဆိုတော့ လွှတ်တော်ရဲ့ အဓိကလုပ်ငန်းတွေဖြစ်တဲ့ ဥပဒေပြုတဲ့လုပ်ငန်း၊ အပြန်အလှန်ထိန်းညှိတဲ့လုပ်ငန်း၊ အများပြည်သူကို ကိုယ်စားပြုတဲ့လုပ်ငန်းတွေကို ဘယ်လိုလုပ်တယ်ဆိုတာတွေပါပါတယ်။

မြန်မာ့လွှတ်တော်အတွက် နိုင်ငံတကာ လွှတ်တော်တွေဆီက လွှတ်တော် အတွေ့အကြုံတွေကို လွှတ်တော် ကိုယ်စားလှယ်အသစ်တွေသိနိုင်ဖို့ မိတ်ဆက်ပေးခြင်း အစီအစဉ်ကို ဆောင်ရွက်တာဖြစ်ပါတယ်။

အခုက မြန်မာနိုင်ငံမှာ အပြောင်းအလဲကာလနဲ့ကြုံနေပါတယ်။ ဒီအပြောင်းအလဲကာလ လုပ်ငန်းတွေ၊ ဖြစ်စဉ်တွေမှာလည်း ပိုပြီးအကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ဒီလို အထောက်အကူရနိုင်ဖို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။

သို့သော်လည်း မြန်မာနိုင်ငံရဲ့ အနေအထား၊ ရေမြေ၊ အခြေအနေနဲ့ကျတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ ကိုယ်ပိုင်နည်းလမ်းတွေ ရှာဖွေကြရမှာဖြစ်ပါတယ်။

အခုမိတ်ဆက်အစီအစဉ်ပြီးရင် ပိုပြီးတိကျတဲ့ ကျန်းမာရေး၊ ပညာရေး၊ စတဲ့ အကြောင်းအရာပေါင်းစုံပါဝင်တဲ့ စာတမ်းဖတ်ပွဲတွေ၊ မူဝါဒပိုင်းဆိုင်ရာတွေ၊ ဖွံ့ဖြိုးရေးအတွက် ကောင်းအောင် ဘယ်လိုဆောင်ရွက်ကြမလဲ ဆိုတဲ့ဟာမျိုးတွေ ရှေ့ဆက်လက် ဆောင်ရွက်ဖို့ စီစဉ်ထားတာတွေရှိပါတယ်။

**ဦးတင်အောင်ချို**
**အစီအစဉ်ညှိနှိုင်းသူ**

ကောလာဟလသတင်း ဖြစ်ပေါ်မှုတွေဟာ ကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းတွေကို နားမလည်လို့ လုပ်ငန်းရဲ့ အသေးစိတ်ကို မသိတဲ့ အတွက်ကြောင့်လို့ ယူဆပါတယ်။ ကျွန်တော်တို့ရဲ့ဆွေးနွေးချက်တွေကို တကယ်သာသိမယ်ဆိုရင် အထင်လွဲစရာ မရှိဘူးလို့ ကျွန်တော်မြင်တယ်။

ဒီအစီအစဉ်မှာ လွှတ်တော်ထဲကို အသစ်ရောက်လာတဲ့ ကိုယ်စားလှယ်တွေအတွက် အရေးကြီးတဲ့လုပ်ငန်းစဉ်တွေကို အမြန်ဆုံး အထိရောက်ဆုံးဆောင်ရွက်နိုင်အောင်ပါ။ အချိန်တိုအတွင်းမှာ လုပ်ငန်းကျွမ်းကျင်မှုတွေရသွားအောင် ကျင်းပရခြင်းဖြစ်တယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေကို စောင့်ကြည့်လေ့လာ ထိန်းကျောင်းခြင်းနဲ့ မဲဆန္ဒရှင်တွေကို ကိုယ်စားပြုရေးဆိုတဲ့အကြောင်းတွေကို ဆွေးနွေးကြပါတယ်။

အဲဒီလို ဆွေးနွေးတယ်ဆိုတဲ့ နေရာမှာ နိုင်ငံအသီးသီးက ဖိတ်ကြားထားတဲ့ သူတွေနဲ့အတွေ့အကြုံတွေ ဖလှယ်ကြတယ်။ မရှင်းလင်းတာတွေရှိရင် အပြန်အလှန်မေးမြန်းဖြေကြားကြတယ်။ လူမျိုးတွေ၊ ဘာသာတွေ တွက်နေတာထက် လွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ သူတို့ရဲ့လုပ်ငန်းတွေ ဘယ်လို အမြန်ဆုံး ထိရောက်အောင် လုပ်ဆောင်နိုင်မလဲဆိုတာကိုပဲ ကြည့်ပါတယ်။ သူတို့ဆောင်ရွက်နိုင်အောင် ကျွန်တော်တို့က ကူညီနေခြင်းဖြစ်ပါတယ်။

**စိုင်းသီဟကျော်(ခ)စိုင်းဟပ်**
**မိုင်းရယ်မဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အသစ်တွေကို သင်တန်းပေးတဲ့ကိစ္စကို ပြောမယ်ဆိုရင် လွှတ်တော် ကိုယ်စားလှယ်အသစ်တွေအတွက် စွမ်းရည်မြှင့်တင်ရေး သင်တန်းတွေ၊ သိသင့်သိထိုက်တဲ့ အတွေ့အကြုံ ဗဟုသုတဆိုင်ရာနဲ့ ပညာရပ်ဆိုင်ရာ Capacity မြှင့်တင်တာတွေ လုပ်ပေးဖို့လိုပါတယ်၊ ဥပဒေပြုရေးအခန်း ကဏ္ဍမှာ နိုင်ငံတကာက ဘယ်လိုတွေလုပ်ကြသလဲ စသည်ဖြင့် သိရှိဖို့လိုအပ်လာတယ်။

ဒီတော့ လွှတ်တော်ရုံးကနေပြီး နိုင်ငံတကာက လွှတ်တော်အမတ်တွေ ဖိတ်ခေါ်ပြီးတော့ အမြင်တွေ ဖလှယ်တယ်၊ အတွေ့အကြုံတွေ ဖလှယ်တယ်၊ သူတို့နိုင်ငံက အတွေ့အကြုံ ဗဟုသုတတွေကို ကျွန်တော်တို့ကို လာပြီးတော့ မျှဝေတဲ့ကိစ္စက ကောင်းတဲ့ကိစ္စဖြစ်ပါတယ်။

ဒါကြောင့် ကိုယ်စားလှယ်သစ်တွေလည်း အတွေ့အကြုံဗဟုသုတတွေရပြီးတော့ နိုင်ငံကိုတည်ဆောက်တဲ့နေရာမှာ လိုအပ်တဲ့ Checks and Balances တွေ လုပ်ရမယ့်နည်းနာတွေ၊ ဥပဒေပြုရမယ့် ကိစ္စရပ်အပိုင်းတွေ၊ နောက်ပြီး နိုင်ငံရဲ့ရေးရာကိစ္စတွေမှာ ဘယ်လိုနည်းလမ်းတွေနဲ့ ဖြေရှင်းဆောင်ရွက်သင့် သလဲဆိုတဲ့ ဗဟုသုတတွေအများကြီး ရရှိပါတယ်။

လွှတ်တော်က လုပ်ဆောင်ရမယ့် စောင့်ကြည့် ထိန်းညှိခြင်းလုပ်ငန်း ဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ၊ ဥပဒေပြုရမယ့်လုပ်ငန်းစဉ်တွေ၊ နောက် ဘယ်လိုမျိုး ဥပဒေကိုတော့ ပြဋ္ဌာန်းသင့်ပြီး ဘယ်လိုပယ်ဖျက်ရမလဲ၊ ဘယ်လိုပြင်ဆင်ရမလဲ၊ ပြဿနာတစ်ခု ဖြစ်ပေါ်လာတဲ့အပေါ် မူတည်ပြီး ခြုံငုံသုံးသပ်ပြီး ဘယ်လိုတွေလုပ်ဆောင်သင့်သလဲ၊ ရေးရာကော်မတီတွေက ဘာတွေအလုပ်လုပ်ရ မလဲ၊ Checks and Balances ကတော့ ဘယ်လိုနည်းလမ်းတွေနဲ့ လုပ်ရမလဲ၊ စတာတွေ အများကြီးသင်ယူရဦးမှာပါ၊ နိုင်ငံတော်ဘဏ္ဍာငွေကြေးဆိုင်ရာကိစ္စရပ်တွေ ဒီသင်တန်းမှာ အများကြီးမပါသေးပါဘူး၊ ဒီသင်တန်းမှာရတဲ့ အတွေ့အကြုံအရပြောရမယ်ဆိုရင် ကိုယ်စားလှယ်တွေက ဥပဒေပြုရာ အခန်းကဏ္ဍမှာသော် လည်းကောင်း၊ Checks and Balances လုပ်တဲ့ကိစ္စရပ်တွေ အပေါ်မှာသော် လည်းကောင်း အများကြီးအထောက်အကူပြုပါတယ်။

လူတွေကတော့ သူတို့မြင်တဲ့ အတိုင်းဝေဖန်ကြတာပါ၊ ဒါက ဝေဖန်လည်း ဝေဖန်နိုင်ပါတယ်၊ သို့သော်လည်းပဲ လုပ်ငန်းတစ်ခုကို ဝေဖန်ချင်တယ်၊ ကိစ္စရပ်တစ်ခုကို ဝေဖန်ချင်တယ်ဆိုရင်တော့ သူ့ရဲ့ အကြောင်းရင်းတရားကို လေ့လာပြီးတော့မှ ဖြစ်နိုင်မယ်ဆိုရင်တော့ လာလေ့လာပါ၊ ဘာကြောင့် ဒီလို လုပ်ရသလဲမေးမြန်းပါ၊ မသိဘူး ဆိုရင် လည်း မသိတဲ့အတိုင်း၊ တကယ်သိလာလို့ လစ်ဟာမှုလုပ်ဆောင်ချက်အမှားတွေတွေ့လို့ ထောက်ပြချင်တယ်ဆိုရင် အပြုသဘောနဲ့ ဝေဖန်ထောက်ပြတာ ကောင်းပါတယ်။ လုပ်သင့်ပါတယ်၊ သို့သော်လည်း သေချာမလေ့လာဘဲနဲ့ မြင်တဲ့အမြင်နဲ့ပဲ ဝေဖန်ထောက်ပြနေမယ်ဆိုရင်တော့ ကောင်းတဲ့ဘက်ကို ဦးမတည်ဘဲနဲ့ လုပ်ရတဲ့လုပ်ငန်းစဉ်တွေကို အနှောင့်အယှက်ဖြစ်စေနိုင်တယ်လို့ သုံးသပ်မိပါတယ်။

**ဒေါ်အေးမြမြမျိုး**
**ကျောက်တန်းမဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ကျွန်မတို့မှာ လွှတ်တော်နဲ့ ပတ်သက်တဲ့အတွေ့အကြုံတွေ အများကြီးလိုတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ အရည်အချင်းတွေ လုပ်ငန်းတာဝန်တွေကို အများကြီးသိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဒီလို သင်တန်းမျိုးတွေကတစ်ဆင့် အတွေ့အကြုံတွေ ဝေမျှတာပါ။ ဒီသင်တန်းမှာ လာရောက်သင်တန်းပို့ချပေးတာက နိုင်ငံတကာက လွှတ်တော်ကိုယ်စားလှယ်တွေပါ။

ကျွန်မတို့က အတွေ့အကြုံတွေကို ဘယ်သူ့ဆီကဖြစ်ဖြစ် သင်ယူလေ့လာရပါမယ်။ မိတ္တူကူးချဖို့ မဟုတ်ဘူး။ သူတို့ကလည်း ဒီလို အကြံမပေးပါဘူး။ ကိုယ့်ရေကိုယ့်မြေနဲ့ ကိုက်ညီမှုတွေကို စဉ်းစားသုံးသပ်ပြီး အသုံးချသွားရမှာပါ။

ဒီလို Learning Centre လုပ်ပြီးတော့ နိုင်ငံရပ်ခြားက ပညာရှင်တွေက ကူညီပေးနေတာကို ဘာဖြစ်လို့ အခုမှစိုးရိမ်မှုတွေရှိနေတယ်ဆိုတာ မေးခွန်းတစ်ခုဖြစ်ပါတယ်။ ပြီးတော့ ကျွန်မတို့က အတွေ့အကြုံတွေကို ဘယ်သူ့ဆီကဖြစ်ဖြစ် သင်ယူရမှာပါ။ အကုန်လုံး မိတ္တူကူးဖို့ မဟုတ်သလို သူတို့ကလည်း အကြံမပေးဘူး။ ဆင်ခြင်သုံးသပ်ပြီးတော့မှ အကောင်းဆုံးတွေ ဆောင်ရွက်ကြဖို့ပါ။ လွှတ်တော် အတွေ့အကြုံရှိတဲ့ နိုင်ငံတွေကနေ လာပြီးသင်ကြားပေးတာပါ။ အခုလို စိုးရိမ်မှုတွေ ရှိတယ်ဆိုတာလည်း အားလုံးမဟုတ်ပါဘူး။

**ဒေါက်တာ သက်သက်ခိုင်**
**ဒဂုံမြို့နယ်မဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

သင်တန်းကာလမှာ နိုင်ငံတကာက လွှတ်တော်ကိုယ်စားလှယ်တွေဆီကနေ လေ့လာခဲ့ရတာတွေ အများကြီးပါ။ ဥပဒေပြုရေးအတွက်၊

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

*စာမျက်နှာ ၈ မှ*

အုပ်ချုပ်ရေးအပိုင်းနဲ့၊ ဥပဒေအပိုင်းနဲ့ အပြန်အလှန်ထိန်းညှိတာမျိုး၊ မဲဆန္ဒရှင်ပြည်သူတွေကို ကိုယ်စားပြုတာတွေ လေ့လာခဲ့ရတယ်။

သင်တန်းလာပေးတဲ့ နိုင်ငံတွေကတော့ အစုံပါပဲ။ ယူကေ၊ နယူးဇီလန်၊ ဩစတြေးလျ၊ ကိုရီးယား၊ ပါကစ္စတန်၊ ဘူတန်၊ ဟောင်ကောင်၊ အရှေ့တီမောနဲ့ မလေးရှားနိုင်ငံတို့က ဖြစ်ပါတယ်။ လာပြီး သင်တန်းပေးတဲ့ resource person တွေထဲမှာ ဘာသာပေါင်းစုံက အမျိုးသမီး၊ အမျိုးသား၊ လူကြီးပိုင်း၊ လူလတ်ပိုင်း၊ လူငယ်ပိုင်း အစုံပါတဲ့အတွက် အားလုံးကို လေ့လာခွင့်ရတယ်။

ဒီမိုကရေစီ ဝါရင့်တဲ့ တိုင်းပြည်တွေကနေတစ်ဆင့် သူတို့ရဲ့ ဖြတ်သန်းပြီး တွေ့ကြုံခဲ့တဲ့အတွေ့အကြုံတွေကို လေ့လာကြရပါတယ်။

မေးရေး - ညီကျော်မင်းဟန်
ဓာတ်ပုံ - ထက်သူ

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် (ရုံးချုပ်) ၌ အလှူရှင်များမှ (OA-011834) စာရင်းသို့ တိုက်ရိုက်လှူဒါန်းငွေကျပ် ၂၉၆၆၁၅၀ ကိုလှူဒါန်းခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဒေါက်တာခင်သန်းရှင် (ဗိုလ်မှူး-ငြိမ်း) မိသားစုကငွေကျပ် ၁၀၀၀၀၀၊ ဦးကျော်လင်း-ဒေါ်သန်းသန်းဆွေနှင့် (သား) ကိုလင်းဆက်ပိုင် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဒေါက်တာမြင့်မြင့်အုန်းချိန် မိသားစု၊ (ခေတ္တUK) က ငွေကျပ် ၁၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့သည်။

သို့ဖြစ်၍ ယနေ့ရရှိငွေမှာ ငွေကျပ် ၃၃၂၆၆၁၅၀ ဖြစ်သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိလှူဒါန်းရရှိငွေစုစုပေါင်းမှာငွေကျပ် ၁၄၀၂၄၀၇၅၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၂၀၀ ဖြစ်ပါကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# မီးဘေးသင့်ပြည်သူများအား ငွေ၊ အစားအစာနှင့် အသုံးအဆောင်များ ပြန်လည်ခွဲဝေပေး

**လပွတ္တာ ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မီးဘေးသင့်ပြည်သူများအား ဖေဖော်ဝါရီ ၁၉ ရက်တွင် လပွတ္တာမြို့ လူမှုရေးအဖွဲ့အစည်းများမှ မီးဘေးသင့်ပြည်သူများအား စေတနာရှင်များက ပေးအပ်လှူဒါန်းခဲ့သော အလှူငွေ၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများကို မီးလောင်ပြင်တွင် ပြန်လည်ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မီးဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပရာ နမ့်ဆန်မြို့မီးဘေးသင့် ပြည်သူများအတွက် ငွေကျပ်သိန်း ၁၈၀ နှင့် လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် သိန်း ၁၂၀ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်နေလင်းက ပေးအပ်ရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ) (မြဝတီ)**

*အမျိုးသားလွှတ်တော်အစည်းအဝေးမှ*

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်သီဟက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးကျော်သီဟနှင့် အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစခင်ဇော်လင်းအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀ နာရီ ၂၈ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ အဖွဲ့ဝင်များစာရင်း (၁၉ - ၂ -၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄) | ဒေါက်တာ ဦးဝင်းမြတ်အေး | ဥက္ကဋ္ဌ |
| ၂။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါ်နော်မြစေး | အဖွဲ့ဝင် |
| ၃။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ဦးမာန်လောမောင်း | ။ |
| ၄။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဦးစိုင်းသန်းနိုင် | ။ |
| ၅။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးဇယ်ခေါင် | ။ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) | ဦးကျော်သောင်း | ။ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဦးထွန်းလင်း | ။ |
| ၈။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | ဦးအေးချို | ။ |
| ၉။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဒေါ်သန်းသန်းအေး | ။ |
| ၁၀။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဦးချစ်ထွေး | ။ |
| ၁၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးဝေစိန်အောင် | ။ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဦးအေးဗိုလ် | ။ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ဦးထိန်ဝင်း | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီး အောင်ခင်ဇော် | ။ |
| ၁၅။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဦးကျော်တုတ် | အတွင်းရေးမှူး |

**အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ အဖွဲ့ဝင်များစာရင်း (၁၉ - ၂ -၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) | ဦးကျော်ထွေး | ဥက္ကဋ္ဌ |
| ၂။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ဒေါက်တာခင်မကြီး | အဖွဲ့ဝင် |
| ၃။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးစိုင်းပန်ဖ | ။ |
| ၄။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဒေါ်နန်းမိုးမိုးထွေး | ။ |
| ၅။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဦးကျင့်ခန့်ပေါင် | ။ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | ဦးမင်းနိုင် | ။ |
| ၇။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) | ဦးလှဆန်း | ။ |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) | ဦးဥက္ကာမင်း | ။ |
| ၉။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဒေါက်တာဦးကြွယ်ကြွယ် | ။ |
| ၁၀။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) | ဦးစိုးသီဟ(ခ)မောင်တူး | ။ |
| ၁၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) | ဦးကျော်သန်း | ။ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | ဦးကြည်ဝင်း | ။ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) | ဒေါ်အိအိပြုံး | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီးသန်းထိုက် | ။ |
| ၁၅။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် | အတွင်းရေးမှူး |

**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များစာရင်း (၁၉ - ၂ -၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) | ဒေါက်တာငွေးကြွယ် | ဥက္ကဋ္ဌ |
| ၂။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါက်တာ ခွန်ဝင်းသောင်း | အဖွဲ့ဝင် |
| ၃။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဦးအောင်ကျော်စိုး | ။ |
| ၄။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးစောချစ်ဦး | ။ |
| ၅။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဦးပူဂင်ကမ်းလျန် | ။ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) | ဦးကိုကိုနိုင် | ။ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | ဦးကင်းရှိန် | ။ |
| ၈။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) | ဦးဝင်းကြိုင် | ။ |
| ၉။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) | ဦးဝင်းမြင့် | ။ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) | ဦးအောင်မျိုးလတ် | ။ |
| ၁၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဦးကျော်သိန်း | ။ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | ဦးဖေချစ် | ။ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါ်မေသန်းနွဲ့ | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးချုပ်ကျော်ဆွေဦး | ။ |
| ၁၅။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် | အတွင်းရေးမှူး |

# ပေးအပ်ထားသည့်လုပ်ပိုင်ခွင့်အတွင်း ပြည်သူ့လိုအပ်ချက်များအား အကူအညီပေးကာ ပြည်သူများ၏ယုံကြည်မှုရရှိအောင်တည်ဆောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၈၁/၂၀၁၅) ရဲသူရိန်တပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးသည်။ **(ယာပုံ)**ထို့နောက် သင်တန်းဆင်းတပ်ခွဲများမှ ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုပြီးနောက် ရဲချုပ်က ရဲသူရိန်တပ်ခွဲမှ အကောင်းဆုံးကျောင်းသားဆုနှင့် ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုရဲအုပ်လောင်း ခင်သစ်ဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသား ဒုရဲအုပ်လောင်း လွင်ကိုကို၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုရဲအုပ်လောင်း မိုးမိုးလွင်၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုရဲအုပ်လောင်း မူမူခင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရဲချုပ်က အမှာစကားပြောကြားရာတွင် တပ်ဖွဲ့ဝင်များအနေဖြင့် နည်းစနစ်တကျ မှန်ကန်စွာ အဂတိတရားကင်းရှင်းစွာဖြင့် လက်အောက်ငယ်သားများက လေးစားအတုယူထိုက်သည့် စံပြခေါင်းဆောင်ကောင်းများအဖြစ် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုအပ်ကြောင်း။

ပဋိပက္ခများ၊ အကြမ်းဖက်မှုများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အမျိုးသမီးရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း တစ်တပ်တစ်အား ပါဝင်ကြရန် လိုအပ်ကြောင်း၊ မှုခင်းကြိုတင်ကာကွယ်တားဆီးရေးတွင် မီဒီယာသည် ဒီမိုကရေစီနည်းလမ်းကျသည့် အခန်းကဏ္ဍတွင် ပါဝင်လာသည်ကို တွေ့ရကြောင်း၊ ရဲတပ်ဖွဲ့နှင့် မီဒီယာတို့အကြား မှုခင်းဆိုင်ရာ ကြိုတင်ကာကွယ်တားဆီးရေးအတွက် သတင်းအချက်အလက်များ ဖလှယ်နိုင်ရေး တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နေ့စဉ်လုပ်ငန်းတာဝန်များ ထမ်းဆောင်နေရင်းနှင့် မိမိအား ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အတွင်း ပြည်သူ့လိုအပ်ချက်များကို တတ်နိုင်သ၍ အကူအညီပေးကာ ပြည်သူများ၏ယုံကြည်မှုကို တိုးတက်ရရှိအောင် တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၈၁/၂၀၁၅) ရဲသူရိန်တပ်ခွဲသို့ တပ်တွင်းဘွဲ့ရအမျိုးသား ၂၁၁ ဦး၊ အမျိုးသမီး ၁၀၃ ဦး စုစုပေါင်း ၃၁၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**



# နမ့်ဆန်နှင့်လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေနှင့်ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ဖေဖော်ဝါရီ ၄ ရက်တွင်ဖြစ်ပွားခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် BHI international Ltd ဝန်ထမ်းများမိသားစုက အလှူငွေကျပ် ၃၂၅၀၀၀၊ E8 4E ပညာရေးမိသားစုနှင့် ကျောင်းသားကျောင်းသူများက အလှူငွေကျပ် ၂၀၀၀၀၀၀၊ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီးနှင့် သံရုံးမိသားစုက တီရှပ်အထည် ၁၂၀၀၊ ပဝါအထည် ၃၀၀ နှင့် စောင်အထည် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ရာ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်သာက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖေဖော်ဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာန (ရန်ကုန်ရုံးခွဲ)တွင် နမ့်ဆန်နှင့် လပွတ္တာ မီးဘေးသင့်ပြည်သူများအတွက် စုစုပေါင်းမြန်မာငွေကျပ် ၃၀၅၈၄၂၀၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၂၀၀ ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တပ်မတော်နေ့ဂုဏ်ပြု အမှတ်(၁၉)လုံခြုံရေးတပ်ဖွဲ့ခွဲ တပ်ဖွဲ့ဝင်များစုပေါင်းသွေးလှူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

၂၀၁၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၁)လုံခြုံရေးကွပ်ကဲမှုအဖွဲ့ အောက်ရှိ အမှတ်(၁၉)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးထိန်ဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင် ၁၀၀ သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ သွားရောက်၍ စုပေါင်းသွေးလှူဒါန်းရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဆရာမများက ကူညီဆောင်ရွက်ပေးသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ အမှတ်(၁) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုက ကြည့်ရှုအားပေးပြီး **(အောက်ပုံ)** သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များသို့ အာဟာရပြည့် စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြို့နယ်နှစ်မြို့နယ်ကြား ဘိန်းစိုက်ခင်း သုံးဧကခန့် တွေ့ရှိဖျက်ဆီး

**မကွေး ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များနှင့် ငဖဲမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဘိန်းပင်များ စိုက်ပျိုးထားရှိကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာ ညနေ ၄ နာရီ ၂၅ မိနစ်ခန့်က ငဖဲမြို့နယ် ပဘွေးကျေးရွာအုပ်စု ဆွိုဟင်ကျေးရွာ တောင်ဘက် ရှစ်မိုင်ခန့် အကွာ သရက်ခရိုင် မင်းလှမြို့နယ် ဇင်ဂေါင်ကျေးရွာ ၏ အနောက်ဘက် လေးမိုင်ခန့်အကွာတွင် ဘိန်းပင်အမြင့် လေးလက်မမှ လေးပေထိ အသီးအပွင့်ဖြစ်ဆဲ ဘိန်းစိုက်ခင်း သုံးဧကခန့် တွေ့ရှိရသဖြင့် ဝိုင်းဝန်းဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်ညီညာ(မြေလတ်)**



# စာမေးပွဲမေးခွန်းလွှာများ ပေါက်ကြားခဲ့မှုနှင့်ပတ်သက်၍ မကွေးမြို့၌ အထက်တန်းပြဆရာမတစ်ဦးနှင့် မိတ္တူဆိုင်ရှင်အားစစ်ဆေးနေ

**မကွေး ဖေဖော်ဝါရီ ၁၉**

မကွေးမြို့နယ်အတွင်း စတုတ္ထတန်းနှင့် အဌမတန်းစာမေးပွဲများ ဖြေဆို လျက်ရှိရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က တင်ထွန်းဝင်း ဝက်ဘ်ဆိုက် အမည်ဖြင့် အင်တာနက်ဖေ့စ်ဘွတ်ခ်ပေါ်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် စတုတ္ထတန်းနှင့် အဌမတန်းစာမေးပွဲမေးခွန်းလွှာများသည် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများအကြားတွင် ပေါက်ကြားခဲ့သည့် အင်တာနက်သတင်းနှင့်ပတ်သက်၍ အထက်တန်းပြကျောင်းဆရာမတစ်ဦးနှင့် မိတ္တူဆိုင်ပိုင်ရှင်တစ်ဦးတို့အား စစ်ဆေးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှူးရုံးမှ သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဖေဖော်ဝါရီ၁၈ ရက် ည ၇ နာရီက မကွေးမြို့ အောင်မင်္ဂလာရပ်ကွက် သုခိတာလမ်း ရန်ကင်းဈေးဆိုင်ခန်း အမှတ် (၃၆/၃၇)ရှိ ထိပ်တန်းမိတ္တူဆိုင်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် စတုတ္ထတန်းနှင့် အဌမတန်းစာမေးပွဲမေးခွန်းလွှာများအား မိတ္တူကူး၍ ရောင်းချနေကြောင်း သတင်းအရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မြို့နယ်ရဲမှူး ရဲမှူးတင်ထွန်း၊ စရဖ(မကွေး)မှ တပ်စုမှူးဗိုလ်ကြီး ဟိန်းထက်ဇော်၊ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး၊ မြို့နယ်စည်ပင် ဦးစီးအရာရှိ၊ အောင်မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်စစ်ဆေးခဲ့ရာ ထိပ်တန်းမိတ္တူဆိုင်ပိုင်ရှင် ဦးမင်းဇော်သွေး (၃၉နှစ်) အား အသင့်တွေ့ရှိခဲ့ပြီး မိတ္တူဆိုင်အတွင်း ရှာဖွေရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလပါ အခြေခံပညာအဌမတန်း နှစ်ဆုံးစာမေးပွဲ သမိုင်းဘာသာရပ်မေးခွန်း မိတ္တူစာမျက်နှာနှစ်ဖက်ပါ ရှစ်ရွက်နှင့် စာမျက်နှာတစ်ဖက်ပါ တစ်ရွက်၊ စတုတ္ထတန်းနှစ်ဆုံးစာမေးပွဲ လူမှုရေးဘာသာရပ်မေးခွန်း မိတ္တူစာမျက်နှာသုံးမျက်နှာပါမေးခွန်းတစ်စုံ၊ canon 2022 အမျိုးအစား တရုတ်နိုင်ငံလုပ် မိတ္တူကူးစက်အဖြူရောင် တစ်လုံး၊ canon 4570 အမျိုးအစားတရုတ်နိုင်ငံလုပ် မိတ္တူကူးစက်အဖြူရောင် တစ်လုံး၊ riso အမျိုးအစား တရုတ်နိုင်ငံလုပ်စာကူးစက်အဖြူရောင်တစ်လုံး၊ ဦးမင်းဇော်သွေးကိုင်ဆောင်သည့် ရွှေအိုရောင်ဟန်းဆက်တစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

ဦးမင်းဇော်သွေးအား စစ်ဆေးခဲ့ရာတွင် ၂၀၁၅-၂၀၁၆ပညာသင်နှစ် အခြေခံပညာအဌမတန်းနှင့် စတုတ္ထတန်းနှစ်ဆုံးစာမေးပွဲမေးခွန်း မိတ္တူများသည် မကွေးမြို့ အောင်မင်္ဂလာရပ်ကွက် ရန်မျိုးလုံရပ်ရှိ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာမ ဒေါ်---- (၃၆နှစ်) အထက(ပြ)အောင်ချမ်းသာရပ်ကွက် မကွေးမြို့နေသူက ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၃ နာရီခန့်တွင် ပထဝီမေးခွန်း အားလည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃ နာရီခန့်တွင် သိပ္ပံမေးခွန်းအား လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၃ နာရီခန့်တွင် သမိုင်းမေးခွန်းအား လည်းကောင်း၊ ၎င်း၏ဖုန်း-၀၉-၃၃၃၃၆၅၆၃ မှ VIBER ဖြင့် ဦးမင်းဇော်သွေးထံပို့ခဲ့၍ ဦးမင်းဇော် သွေးက မိတ္တူတစ်စုံ ကူးပေးပြီး တစ်စုံမိတ္တူပွားကာ ကျောင်းသား ကျောင်းသူ များအား တစ်မျက်နှာလျှင် ငွေကျပ် ၅၀ နှုန်းဖြင့် မေးခွန်းတစ်စုံ ငွေကျပ် ၁၅၀ ဖြင့် ရောင်းချခဲ့ရာ တစ်နေ့လျှင်ခုနစ်စုံခန့် ရောင်းချခဲ့ကြောင်း သက်ဆိုင်ရာ၏ စစ်ဆေးချက်အရ သိရသည်။

ယင်းစစ်ဆေးတွေ့ရှိခဲ့မှုနှင့်ပတ်သက်၍ မိတ္တူဆိုင်ပိုင်ရှင် ဦးမင်းဇော်သွေးနှင့် အထက်တန်းပြ ကျောင်းဆရာမတို့အား မကွေးမြို့နယ် မကွေးမြို့မရဲစခန်းက ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဗုဒ္ဓဆင်းတုတော်များအား နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် သီပေါမြို့နယ် သံဃနာယကအဖွဲ့ကလှူဒါန်း



**သီပေါ ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ မီးဘေးသင့်ပြည်သူများအား အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များက ထောက်ပံ့ပစ္စည်းများနှင့် ငွေကြေးများကို ထောက်ပံ့လှူဒါန်းလျက်ရှိကြသည့်နည်းတူ သီပေါမြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်၊ သံဃာတော်များကလည်း ဖေဖော်ဝါရီ ၁၉ ရက်က နမ့်ဆန်မြို့သို့သွားရောက်ပြီး ဗုဒ္ဓဆင်းတုတော်များနှင့် အလှူငွေများကို လှူဒါန်းခဲ့သည်။

အဆိုပါ ဗုဒ္ဓဆင်းတုတော်များကို နမ့်ဆန်မြို့မီးဘေးသင့်ပြည်သူများအနေဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကြည်ညိုကိုးကွယ်ဆည်းကပ်နိုင်ရေးအတွက် ဗုဒ္ဓဆင်းတုတော် ၁၀၈ ဆူနှင့် အလှူငွေများကို နမ့်ဆန်မြို့မ ဂိုဏ်းချုပ် ပလောင်ဆရာတော်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏိတ အရှင်သူမြတ်ထံ သီပေါမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒ ဆရာတော်က ပေးအပ်လှူဒါန်းခဲ့သည်။ **(ယာပုံ)**

သဒ္ဓါကြည်လင်ပါရမီရှင် ရဟန်းရှင်လူ ပုဂ္ဂိုလ်များက မီးဘေးသင့်ပြည်သူများထံ အလှူငွေနှင့် အိမ်ဆောက်ပစ္စည်းများလှူဒါန်းလိုပါက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ နမ့်ဆန်မြို့ ဖုန်း-၀၉-၄၇၃၁၄၃၀၈ နှင့် ၀၉-၄၇၃၁၄၂၀၂ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးရုံစာဖြေဌာနလေးခု ဖွင့်လှစ်ထားပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၉ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြေဆိုခွင့်လျှောက်ထားသူ ကျောင်းသားကျောင်းသူဦးရေ (ပြင်ပဖြေဆိုသူများအပါအဝင်) တစ်သိန်းကျော်ရှိကြောင်း တိုင်းပညာရေးမှူးရုံးမှ သိရသည်။ ထို့အတွက် ကိုကိုးကျွန်းမြို့နယ်အပါအဝင် စာဖြေဌာန ၂၁၅ ခု ဖွင့်လှစ်ထားမည်ဟု တိုင်းပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူနေရသူများ၊ ရုတ်တရက် ဆေးရုံတက်ရောက်ရသူ စာမေးပွဲဖြေဆိုနေသူများအတွက် ဆေးရုံစာဖြေဌာနလေးခု ဖွင့်လှစ်ထားပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာဖြေဌာန၊ ဗဟိုအမျိုးသမီး ဆေးရုံကြီးစာဖြေဌာန၊ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီဆေးရုံစာဖြေဌာန၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး စာဖြေဌာနတို့ဖြစ်သည်။

ကျန်းမာရေးကြောင့် ဆေးရုံစာဖြေဌာနများတွင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအနေဖြင့် စာမေးပွဲမကျင်းပသည့်ရက်ဖြစ်ပါက ကျောင်းအုပ်ကြီးများမှတစ်ဆင့် မြို့နယ်ပညာရေးမှူးသို့ တင်ပြခွင့်တောင်းခံရမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုစဉ်ရက်များအတွင်းဖြစ်ပါက စာဖြေဌာနကြီးကြပ်ရေးမှူးများမှတစ်ဆင့် တင်ပြခွင့်ပြုချက်တောင်းခံရမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**




# ဝက်သားတုတ်ထိုးစားမိပြီး လူခုနစ်ဦး ဝမ်းပျက်ဝမ်းလျှောမှုဖြစ်

**ထားဝယ် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျောက်ထောင့်ကျေးရွာအုပ်စု ကျခတ္တပင်အင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ မုခ်ဦးရေစက်ချပွဲ၌ ဇာတ်သဘင်ဖျော်ဖြေပွဲများ ကျင်းပခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းက ဇနီးမောင်နှံနှစ်ဦးရောင်းချသည့် ဝက်သားတုတ်ထိုးစားမိပြီး အမျိုးသားတစ်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်းခုနစ်ဦး ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားကာ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၂ နာရီက ရေဖြူမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

အဆိုပါကျေးရွာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်လွင်၊ ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မျိုးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဖျာပုံဆိပ်ခံတံတားတည်ဆောက်ရန် သဘောတူစာချုပ်လက်မှတ်ထိုး

**ဖျာပုံ ဖေဖော်ဝါရီ ၁၉**

မသန်စွမ်းသူများ၏ အရည်အသွေး တိုးတက်ကောင်းမွန်လာစေခြင်း၊ အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင် ဖန်တီးစီမံပေးခြင်းအားဖြင့် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နှင့်အခွင့်အလမ်းများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုပတ်ဝန်းကျင်အတွင်း ပိုမိုပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ပြုလုပ်သည့် APCD/JAIF စီမံကိန်း၌ပါဝင်သည့် ဖျာပုံမြို့ ဆိပ်ခံတံတားတည်ဆောက်ရေး လုပ်ငန်းအတွက် စီမံကိန်းတာဝန်ရှိသူများနှင့် ဖျာပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့ ဒုတိယလမ်းရှိ ရွှေရတုဧည့်ရိပ်သာခန်းမ၌ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ယင်းစီမံကိန်းမှ ဖျာပုံမြို့၌ ဆိပ်ခံတံတားဆောက်လုပ်ရာတွင် အမေရိကန်ဒေါ်လာ ၅၀၀၀ ပေးအပ်လှူဒါန်းမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည် ဖော်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများ၏ တာဝန်နှင့်ဝတ္တရားများ ပိုမိုရှင်းလင်းသေချာစေရန်အတွက် Asia-Pacific Development Center on Disability မှ Com-munity Development Manager Mr. Jasper Rom နှင့် ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့် လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများ သဘောတူစာချုပ်လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

အဆိုပါဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီက ထိန်းသိမ်းရေးလုပ်ငန်းအပိုင်းကို တာဝန်ယူကာ မြို့နယ်ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော တံတားကြီးကြပ်ရေးကော်မတီက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

APCD/JAIF စီမံကိန်းသည် ၂၀၁၅ ခုနှစ်က ဖျာပုံမြို့နယ်၌ မသန်စွမ်းသူများ သွားလာရေးအဆင်ပြေစေရန် ဖျာပုံမြို့မဈေးအဝင်အထွက်လမ်းများ ပြုပြင်ပေးခြင်း၊ မြောက်ပိုင်းဈေးလမ်းပြုပြင်ခြင်း၊ ဈေးအိမ်သာတည်ဆောက်ပေးခြင်းနှင့် ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ စေတနာမွန်ဈေးလမ်းပြုပြင်ခြင်းတို့ကို လှူဒါန်းဆောင်ရွက်ပေးခဲ့ကြောင်း Action-aid Myanmar (Pyapon) မှ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ခိုင်စိုးဝေက ပြောကြားသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဖေဖော်ဝါရီ ၁၉ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှအနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | (ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၈၅၀၀ မှ ၅၁၀၀၀ |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၃၉၀၀၀ |
| ၃။ | ဧရာ/ ညော့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၂၀၀ မှ ၂၄၀၀၀ |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၂၀၀ |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၅၀၀ မှ ၂၄၅၀၀ |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၀၀၀ မှ ၂၅၀၀၀ |
| ၇။ | ပဲစင်းငုံနီ RC(၂၀၁၆) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၈၇၀၀၀ |
| ၈။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၄၅၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ (ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၃၀ မှ ၂၁၁၀ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား၊ တောင်တွင်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၅ မှ ၇၅၀ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၇၅ မှ ၃၆၀၀ |
| ၁၂။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၀၀ မှ ၄၅၅၀ |
| ၁၃။ | ငရုတ်(မိုးထောင်) | ပျော်ဘွယ်၊ သာစည် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀၀ မှ ၃၇၀၀ |
| ၁၄။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၀ မှ ၆၅၀ |
| ၁၅။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၆၀၀ |
| ၁၆။ | နှင်းသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀ |
| ၁၇။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ မှ ၁၂၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ကချင်ပြည်နယ်တွင် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ မနက်ဖြန် အတွက် ခန့်မှန်း ချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**(မိုး/ဇလ)**

# ဓာတ်အားလိုင်းကြိုးဆွဲခြင်း ပြုလုပ်စဉ်အတွင်း ဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အသိပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ရန်ကုန်တိုင်းဒေသကြီးတွင် ဓာတ်အားပြည့်ဝစွာ ပို့လွှတ်နိုင်ရေးအတွက် ၂၃၀ ကေဗွီ သာကေတ-အရှေ့ဒဂုံ ဓာတ်အားလိုင်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၆ နာရီမှ ဖေဖော်ဝါ ရီ ၂၁ ရက် ညနေ ၆ နာရီအထိ ဓာတ်အားပိတ်လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

၂၃၀ ကေဗွီ သာကေတ-အရှေ့ဒဂုံဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၆ နာရီမှ ဖေဖော် ဝါရီ ၂၁ ရက် ညနေ ၆ နာရီအထိ လုပ်ငန်းများဆောင်ရွက်နေချိန်တွင် သာကေတ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ ဒေါပုံတွင် ဓာတ်အားပြတ်တောက် မှုများရှိမည်ဖြစ်ပါ၍ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ဖြစ်ပေါ်လာပါက မီးသုံးစွဲသူပြည်သူများအနေဖြင့် စာနာနားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူသို့ အသိပေးထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

✳ *ကျောဖုံးမှ*

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်း သေချာသည့်ဒေသများမှာ နေပြည်တော်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်အရှေ့ပိုင်း၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ကြပြီး ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း သေချာသည့်ဒေသများမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြသည်။

နေ့အချိန်များအနေဖြင့် တစ်ပြည်လုံးတွင် ပျမ်းမျှအပူချိန် (ပုံမှန်အပူချိန်)ထက် ပိုနိုင်ပါသည်။ ပုံမှန်အပူချိန်တို့ထက် ပိုနိုင်မှု ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသေချာသည့် ဒေသများမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့ဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းနှင့်အထက်သေချာသည့် ဒေသများမှာ နေပြည်တော်၊ ရှမ်း ပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ကြသည်။

သို့ဖြစ်ရာ ၂၀၁၆ ခုနှစ် နွေရာသီကာလများဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလတို့တွင် အယ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများကြောင့် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ နွေရာသီတွင်အပူချိန်မြင့်မားခြင်း စသည့်ရာသီဥတုအခြေအနေများဖြစ်ပေါ်လာနိုင်ပြီး ပူပြင်းခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းနှင့် အပူကြောင့်ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများကြုံတွေ့ရနိုင်ပါသဖြင့် စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်းများစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများတွင် သက်ရောက်မှုများရှိနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နွေရာသီ သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေး ကွင်းဆင်းဆောင်ရွက်

**ဆားလင်းကြီး ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးခိုင်နှင့် ဝန်ထမ်းများသည် နွေရာသီတွင် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ဖေဖော်ဝါရီ ၁၈ ရက်က ကိုင်းကျေးရွာနှင့် မကျီးတစ်ထောင် ကျေးရွာတို့သို့ ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဆားလင်းကြီးမြို့နယ် မကျီးတစ်ထောင်ကျေးရွာရှိ မြေသားရေလှောင်တမံကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစဉ်။

ဆားလင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးခိုင်က "ကိုင်းကျေးရွာနဲ့ မကျီးတစ်ထောင်ကျေးရွာတွေဟာ မြေအောက်ရေ ရရှိဖို့ အခက်အခဲရှိတာကြောင့် မြေသားရေကန်တွေ တူးဖော်ပြီး ရေလှောင်စနစ်နဲ့ သောက်သုံးရေ သုံးစွဲနေရတဲ့ ကျေးရွာတွေဖြစ်ပါတယ်။

"ဒါကြောင့် ကျေးရွာသူ ကျေးရွာသားတွေအနေနဲ့ နွေရာသီမှာ သောက်သုံးရေပြတ်လပ်မှု အခြေအနေနဲ့ သောက်သုံးရေ ပြတ်လပ်မှု ဖြစ်ပေါ်လာပါက ဌာနမှ ဆောင်ရွက်ပေးမယ့် လုပ်ငန်းအစီအမံတွေကို သိရှိနိုင်ဖို့အတွက် လက်ရှိ သောက်သုံးရေ ရယူသုံးစွဲနေတဲ့ မြေသားရေကန်တွေကို ကွင်းဆင်းကြည့်ရှုပြီး ရှင်းလင်းအသိပေးတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆားလင်းကြီး မြို့နယ်တွင် ကျေးရွာအုပ်စု ၃၉ အုပ်စု၊ ကျေးရွာပေါင်း ၁၅၀ ရှိပြီး အများစုမှာ မြေအောက်ရေကိုသာ အဓိကထား၍ သောက်သုံးရေကိုသုံးစွဲလျက်ရှိခြင်းကြောင့် နွေရာသီတွင် သောက်သုံးရေများ ပြတ်လပ်မှုဖြစ်ပေါ်လာပါက ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဖုန်း-၀၇၁-၇၀၀၈၁နှင့် ၀၉-၂၅၆၁၅၈၀၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# ထားဝယ်မြို့တွင် လျှပ်စစ်မီတာခနှစ်လစာပေါင်းကောက်ခံမှု ဒေသခံများအဆင်မပြေဖြစ်ရသည်ဟုသိရ

**ထားဝယ် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် လျှပ်စစ်မီးဖြန့်ဖြူးရေးလုပ်ငန်းမှ နှစ်လစာမီတာခ ပေါင်းကောက်ခံလိုက်သည့်အတွက် ထားဝယ်မြို့နယ်အတွင်းရှိ ရပ်ကွက်အချို့မှအခြေခံလူတန်းစားအများစုမှာ အခက်အခဲများနှင့် ကြုံနေကြောင်း ထားဝယ်မြို့ သဘော်ာဆိပ်ကမ်းရပ်ကွက်နေထိုင်သူ တစ်ဦးက ပြောသည်။

"ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလအတွက် နှစ်လစာမီတာခပေးဆောင်ရတဲ့အတွက် အောက်ခြေတစ်နေ့လုပ် တစ်နေ့စား လူတန်းစားတွေအဖို့ အခက်အခဲဖြစ်ရပါတယ်။ ငွေကိုအတတ်နိုင်ဆုံး တစ်လပြီးတစ်လအတွက်သာ မီတာခကောက်ခံပေးဖို့ တောင်းဆိုချင်ပါတယ်"ဟု ၎င်းကဆက်လက်ပြောပြသည်။

လက်ရှိ DDPC ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်သည် ဖိုးသီးချို (PTC) ကုမ္ပဏီမှ တစ်ဆင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် လွှဲပြောင်းရယူခဲ့ခြင်းဖြစ်ပြီး ဝန်ထမ်းများမှာ အသစ်များဖြစ်ခြင်း၊ နယ်မြေကျွမ်းကျင်မှုမရှိခြင်း၊ ပြင်ဆင်ချိန်လည်း ၁၅ ရက်ခန့်သာရခဲ့ခြင်းတို့ကြောင့်လည်းကောင်း၊ စာရင်းရှိမီတာအလုံးရေနှင့် လက်တွေ့မြေပြင်ရှိ မီတာအလုံးရေစာရင်းများ ကွဲလွဲမှုရှိနေသဖြင့် လည်းကောင်း၊ မီတာခကို နှစ်လစာပေါင်းပြီး ကောက်ခံရခြင်းဖြစ်ကြောင်း၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် ထားဝယ်ခရိုင် မီးဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူ ကိုအောင်ဇော်ဟိန်းက ရှင်းလင်းပြောကြားသည်။

အခြေခံလူတန်းစားပြည်သူများ အဆင်ပြေနိုင်ရန်အတွက် မီတာခများကို လစဉ် တစ်လတစ်ခါ ပုံမှန်ကောက်ခံသွားရန်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထားဝယ်ခရိုင် လျှပ်စစ်မီးဖြန့်ဖြူးရေးလုပ်ငန်းမှာ ထားဝယ်မြို့နယ်အတွင်း မီတာအလုံးရေ ၂၂၀၀၀ ကျော်ခန့်ရှိပြီး လျှပ်စစ်တစ်ယူနစ်လျှင်သုံးစွဲခ ငွေကျပ် ၃၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၂၀-၂-၂၀၁၆ (စနေနေ့)**

**နံနက်ပိုင်း**

၆ း ၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၉ း ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀ း ၃၅ - **အာဆီယံ - အမေရိကန် ဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်ပေး**
၁၁ း ၁၅ - ကျန်းမာဘဝ ရစေဖို့ ကာကွယ်ဆေးကို တိုက်ကြစို့
၁၂ း ၃၅ - တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃ း ၀၀ - တစ်ပတ်အတွင်း လွှတ်တော်သတင်း

**ညပိုင်း**

၁၅ း ၁၅ - Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(ဧရာဝတီယူနိုက်တက်နှင့် Horizon အသင်း)**
၁၉ း ၁၅ - ဟို. . . တုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ **နှလုံးသားမှ အဖြေစကား** (ပထမပိုင်း)
၂၀ း ၀၀ - ပြည်တွင်းသတင်း၊
- ဂီတတံခါးလေးဖွင့်ပါဦး

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**


## ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး အနောက် ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ ပြည်မြို့တွင် (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်၊ ဂျပန်နိုင်ငံ၏(ODA)ချေးငွေဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သောအောက်ပါဆီသိုလှောင်ကန်(၃၄)လုံးအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

ဆီသိုလှောင်ကန် အမျိုးအစားများအတွက် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၂)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၂-၂-၂၀၁၆ ရက်မှစ၍ ကြေညာထားမည်ဖြစ်ပါသည်။

| စဉ် | စီမံကိန်းအမည် | ရေတွက်ပုံ | ၄၀၀ (ဂါလန်ဆံ့) | ၈၀၀ (ဂါလန်ဆံ့) | ၁၆၀၀ (ဂါလန်ဆံ့) | ၂၀၀၀ (ဂါလန်ဆံ့) | ၂၄၀၀ (ဂါလန်ဆံ့) | ၁၀၀၀၀ (ဂါလန်ဆံ့) | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ဆည်ရေသောက်စနစ်များဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း | လုံး | ၁ | ၇ | ၄ | ၁၂ | ၈ | ၂ | ၃၄ |

**တင်ဒါထုတ်ယူနိုင်သည့်ရက်** - ၂၂-၂-၂၀၁၆ရက်
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၅-၂-၂၀၁၆ရက် ညနေ ၄ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၆-၂-၂၀၁၆ရက် နံနက် ၁၀ နာရီ
**ဆက်သွယ်ရန်တယ်လီဖုန်း** - ၀၅၃-၂၈၅၃၃
**တင်ဒါပေးပို့ရမည့်နေရာ** - ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် ၂၂-၂-၂၀၁၆ရက်မှ ၂၅-၂-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**တည်ဆောက်ရေး(၂)၊ ပြည်မြို့**

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ကွင်းအမှတ်(၄၁၆-ဃ)၊ ယခင်မြင်းပြိုင်ကွင်းဟောင်းတွင် ဆောက်လုပ်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး နောက်ဆက်တွဲလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Drain & Apron Work
(ခ) CCTV (32 Camera & 32 Line)နှင့် Public Announcement
(ဂ) Audio System(Portable Confrence System)
(ဃ) Septic Tank, Ground Tank(30000 Gals)နှင့် Over Head Tank (5000 Gals)Steel

၂။ ဆောင်ရွက်လိုသော လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၂-၂-၂၀၁၆ရက်မှစ၍ (၂၄×၆၅)လမ်းထောင့် မန္တလေးတိုင်းဒေသကြီး လွှတ် တော်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၉-၂-၂၀၁၆ရက် ၁၆း၃၀နာရီနောက်ဆုံး ထား၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးသို့ ပြန်လည်တင်သွင်းရမည်။ ၁-၃-၂၀၁၆ရက်တွင် တင်ဒါဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ အဆောက်အအုံဆောက်လုပ်ခွင့်လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂-၃၉၀၈၅၊ ၀၂-၆၁၀၅၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရောင်းရန်ရှိသည်။
မြောက်ဥက္ကလာ၊ ရွှေပေါက္ကံ၊ VIP ၂၂-ရပ်ကွက်တွင် မြေကွက် ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် - ၀၁-၆၅၂၅၀၉၊ ၀၉-၃၈၅၄၃၃၅၈၅၊ ၀၉-၃၈၅၄၃၃၅၈၂

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/5429 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ဥတုရာသီ တောကိုမီး

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၆၁၆)၊ ဧရိယာ ၀ဒသမ၁၄၆၈ဧက၊ နှစ်၃၀အငှားဂရန်မြေကွက်ကို မြေကွက်အမည်ပေါက်ဦးသိန်းနိုင် ၉/ကပတ(နိုင်) ၀၃၂၀၈၂ (ဘ)ဦးကိုကြီးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေ စီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကားအင်ဂျင်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲခန့်က ကန့်ဘလူ-လင်ပန်းဆည်ကြား ကားလမ်းပေါ် နှစ်မိုင်တစ်ဖာလုံခန့်အကွာနေရာ၌ ကားအင်ဂျင်အပူလွန်ကဲရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့မှ ထွက်ခွာလာသော ကန့်ဘလူမြို့ အမှတ် (၂)ရပ်ကွက်နေ ယာဉ်မောင်း ကျော်မြင့်ဦး(၂၃ နှစ်)မောင်းနှင်လာသော MDY 6D/----ယာဉ်သည် အင်ဂျင်အပူလွန်ကဲရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ ကားမီးလောင်ကြောင်း သတင်းရရှိသဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ကန့်ဘလူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကားမီးလောင်မှုကြောင့် ယာဉ်မောင်းကျော်မြင့်ဦးအား ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## စာမေးပွဲဖြေဆိုပြီး အိမ်အပြန် စတုတ္ထတန်း ကျောင်းသူတစ်ဦး ကျောင်းရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွား

**ရေစကြို ဖေဖော်ဝါရီ ၁၉**

ရေစကြိုနယ်၌ စတုတ္ထတန်းကျောင်းသူတစ်ဦး စာမေးပွဲဖြေဆိုပြီး အိမ်အပြန် ကျောင်းရှေ့၌ ယာဉ်တိုက်မှု ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း ရေစကြိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က ပခန်းကြီး အထကကျောင်းအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ ပခန်းကြီးနယ်မြေရဲစခန်းမှ ဒုရဲအုပ်မြတ်သူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ရေစကြို-ပခုက္ကူကားလမ်း မိုင်တိုင်အမှတ် (၁၇/၁)နှင့်(၁၇/၂) အကြား ပခန်းကြီး အထကကျောင်းရှေ့အရောက်၌ ကျော်နိုင်(၄၅နှစ်) ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသည့် MDY 4E/----- ပါဂျဲရိုးယာဉ်သည် စာမေးပွဲဖြေဆိုပြီး၍ လမ်းဖြတ်ကူးပြန်လာသော မယမင်းသူ (၁၀နှစ်) စတုတ္ထတန်းကျောင်းသူ ပခန်းကြီး(အထက) ကျောက်တံခါးကျေးရွာ ရေစကြိုမြို့နယ်နေသူအား ဝင်ရောက်တိုက်မိခဲ့၍ မယမင်းသူတွင် ဒဏ်ရာ(စိုးရိမ်ရ)ရရှိကာ ပခုက္ကူဆေးရုံ၌ အတွင်းလူနာအဖြစ် တင်ဆောင်ထားရကြောင်း အမှုစစ်၏ကနဦးစစ်ဆေးချက်အရ သိရသည်။ ဖြစ်စဉ်နှင့်ပက်သက်၍ ယာဉ်မောင်းအား ရေစကြိုမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဖေယျ**

## လှိုင်းအသင့်အတင့်ရှိမည်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**(မိုး/ဇလ)**

## ခရီးသည်တင်ယာဉ်နှင့် သုံးဘီးယာဉ် မျက်နှာချင်းဆိုင်တိုက်၍ ခုနစ်ဦးသေဆုံး

**ရွှေတောင် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရွှေတောင်မြို့နယ် ရန်ကုန်-ပြည်ကားလမ်း ဝါးလည်ရွာအနီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ဦးကျော်ကြီး မောင်းနှင်လာသော ၈ဟ/---- သုံးဘီးယာဉ်နှင့် ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ပိုင်စိုးမောင်းနှင်လာသော မာန်သစ္စာ ခရီးသည်တင် မော်တော်ယာဉ်တို့သည် မျက်နှာချင်းဆိုင်တိုက်မိကြ၍ သုံးဘီးယာဉ်မှာ တိမ်းမှောက်သွားပြီး သုံးဘီးယာဉ်ပေါ် လိုက်ပါလာသူနှင့် ယာဉ်မောင်းအပါအဝင် ခုနစ်ဦးမှာ ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့သည်ဟု သိရသည်။



ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၁၈ ရက်တွင် ဒုရဲအုပ်သော်ဇင်ဝင်းက ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်းပိုင်စိုးနှင့် သုံးဘီးယာဉ်မောင်း ကျော်ကြီး(ခ) ကျော်ဝင်း(သေဆုံး)တို့ကို ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းသဖြင့် ရွှေတောင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## ကျောက်မဲမြို့နယ် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ ၂၂ ဘီးတွဲယာဉ်ကြီး အရှိန်လွန်လမ်းဘေးကျ

**ကျောက်မဲ ဖေဖော်ဝါရီ ၁၉**

ကျောက်မဲမြို့နယ် နားခေါ်ကျေးရွာအုပ်စု လွယ်ခေါ်ကျေးရွာ လမ်းကွေ့ကြော မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၁၄/၁-၂)အကြားတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီခွဲခန့်က မန္တလေးမှ လားရှိုးဘက်သို့ ရော်ဘာတုံးများ တင်ဆောင်ပြီး ယာဉ်မောင်းမျိုးကိုဦး(၁၈ နှစ်) မောင်းနှင်လာသည့် GG/----(ခေါင်းဖြူ) SINO TRUCK အမျိုးအစား၊ နောက်တွဲအမှတ် နတ/----- ၂၂ ဘီးတွဲယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်သို့ ထိုးကျတိမ်းမှောက်မှုဖြစ်ခဲ့သည်။



ယာဉ်တိမ်းမှောက်မှု သတင်းအရ ကျောက်မဲမြို့နယ် အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်အောင်ကိုထက်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် နေအိမ်တဲအနီးနေသူ ဒေါ်လှအေး (၅၇ နှစ်)၊ ယာဉ်မောင်း မျိုးကိုဦး(၁၈ နှစ်)နှင့် ယာဉ်ပေါ်ပါလာသူ မောင်စိုးထက်ကျော် (၂၄ နှစ်)တို့တွင် ဒဏ်ရာများရရှိသဖြင့် ကျောက်မဲပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြသည်။ ယင်းဖြစ်စဉ်ကြောင့် ယာဉ်ဦးခေါင်းပိုင်း၊ နောက်တွဲကိုယ်ထည်ပိုင်းနှင့် နေအိမ်တဲတစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယာဉ်မဆင်မခြင် မောင်းနှင်သူ မျိုးကိုဦးအား ကျောက်မဲ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်း-သန်းဌေး(ဒလ)**
**ဓာတ်ပုံ-စန်းဝင္ဍာ**


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/9963, Toyota Corolla CE104SL (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသိန်း၁၂/ ဒဂန(နိုင်)၀၀၄၄၅၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်ကန့်ကွက်လိုပါက အထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ စောစေးဂေး၏လွှဲအပ်ညွှန်ကြားချက်အရ လွန်ခဲ့သော ၂၀၀၃ ခုနှစ်တွင် ကျွန်ုပ်၏မိတ်ဆွေ စောစေးဂေးနှင့် နော်ခဲရလင်း(ခ)မာစီမွန်းသည် ခရစ်ယာန်ဓလေ့ထုံးတမ်းများနှင့်အညီ ပေါင်းသင်းနေထိုင်ခဲ့ရာမှ ပုသိမ်မြို့၊ (၂)ရပ်ကွက်၊မင်းကြီးလမ်း၊ အကွက်အမှတ်နှင့်အမည် ၄၉၊ ရွှေစည်းခုံဘုရား၊ ဦးပိုင်အမှတ် ၆၆-ခ၊ ဧရိယာ ၀ဒသမ၅၁၆ဧကရှိ မြေပိုင်မြေကွက်အား ၎င်း၏ဇနီး နော်ခဲရလင်းအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၂၂-၁-၂၀၁၆ရက်တွင် ဇနီးဖြစ်သူမှာ သေဆုံးသွားသဖြင့် အဆိုပါမြေအား စောစေးဂေး အမည်ဖြင့်ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် အမည်ပြောင်းလဲသွားမည်ဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိက အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောလောလ(LL.B)၊ အထက်တန်းရှေ့နေ(စဥ်-၄၄၉၅၇)**
**အမှတ်(၅၃)၊ ယိုးဒယားကုန်းလမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၉-၂၅၃၂၁၀၇၅၉**

### အများသိစေရန်ကြေညာခြင်း

ဦးချစ်ဆွေ-ဒေါ်ခင်အေးအေးတို့၏ သမီး ဒေါ်သီတာဆွေ၊ ဒေါက်တာ ဒေါ်မြတ်မိုးဆွေ၊ ဦးစည်သူဆွေတို့၏ ညီမ/အစ်မ ဒေါ်ဇင်မိုးဆွေ ၇/ရတန(နိုင်)၀၀၅၄၇၁ အထက ရွှေတောင်သည် ၁၀-၂-၂၀၁၆ရက်ညတွင် အိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်များကို မိသားစုအနေဖြင့် လုံးဝ(လုံးဝ) ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ ဤကြော်ငြာပါသည့်ရက်မှစ၍ မိသားစုနှင့် ပတ်သက်ခြင်းမရှိပါကြောင်း၊ မောင်နှမအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**မနောသုခမောင်နှမများ**

### ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၁/၂)၊ အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ အစိုးရပိုင်မြေဧရိယာ၁၂ဒသမ၅၃၄ဧကတွင် အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တင်ဒါခေါ်ယူတည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းဧရိယာအတွင်း မဟာဗန္ဓုလလမ်းနှင့်အပြိုင် အရှည်ပေ၁၂၇၀ခန့်၊ အကျယ်၂၄ပေ၊ ခုနစ်လက်မထု ကွန်ကရစ်လမ်းတစ်လမ်း(တစ်ဖက်လေးပေ အကျယ်မြေသားလမ်း ပခုံးအပါအဝင်)နှင့် အမှတ် (၂) လမ်းမကြီးနှင့်အပြိုင် အရှည် ပေ၅၀၀ခန့်၊ အကျယ် ၁၈ပေ၊ ခုနစ်လက်မထုကွန်ကရစ်လမ်းနှစ်လမ်း(တစ်ဖက်လေးပေ အကျယ်မြေသားလမ်း ပခုံး အပါအဝင်)လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်လိုသောကုမ္ပဏီ/အဖွဲ့အစည်းများ အနေဖြင့် အောက်ပါအဆိုပြုလွှာများကိုသီးခြားစာအိတ်များဖြင့် ထည့်သွင်း၍ တင်ဒါတင်သွင်းနိုင်ပါသည်-

(က) ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာတွင် လုပ်ငန်းဒီဇိုင်း၊ တည်ဆောက်မှုကြီးကြပ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ် အဆင့်အလိုက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ အလားတူလုပ်ငန်းအတွေ့အကြုံနှင့် စာချုပ်ချုပ်ဆိုခဲ့မှုများဖော်ပြပါရှိရမည်။

(ခ) ငွေကြေးဆိုင်ရာအဆိုပြုလွှာတွင် ကုမ္ပဏီ၏ငွေကြေးပိုင်ဆိုင်မှု၊ ယခုဆောင်ရွက်မည့် လမ်းခင်းခြင်းလုပ်ငန်းအတွက် ကုန်ကျမည့် အဆိုပြုတန်ဖိုးကို ဖော်ပြရမည်။ ထို့အပြင်တင်ဒါတင်သွင်းသူ၏ လွန်ခဲ့သောသုံးနှစ်အတွက် စာရင်းစစ်ဆေးပြီးငွေကြေးအစီရင်ခံစာ၊ လုပ်ငန်းအတွက် ငွေကြေးအရင်းအမြစ်တို့ ဖော်ပြပါရှိရမည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် ၁၁-၃-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် မှတ်ပုံတင်ပြီးတင်ဒါပုံးတွင် တင်ဒါအဆိုပြုလွှာများကို ချိပ်ပိတ်တင်သွင်းရပါမည်။

၃။ တင်ဒါဖွင့်ဖောက် စိစစ်မည့်ရက်ကို ဆက်သွယ်အကြောင်းကြားပါမည်။

၄။ တင်ဒါလျှောက်လွှာကို၁၉-၂-၂၀၁၆ရက်မှစ၍ တစ်စုံလျှင် ၅၀၀၀ (ကျပ် ငါးထောင်တိတိ)ဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုအာမခံအဖြစ် ၁၀၀၀၀၀၀၀(ကျပ်သိန်းတစ်ရာ)ကို မြန်မာ့စီးပွားရေးဘဏ်တွင် ကြိုတင်ပေးသွင်းရမည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ဆိပ်ဖြူမြို့၊ အထက၊ နဝမတန်း(က)မှ မနှင်းသီရိမွန်၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၈/ဆဖန(နိုင်)၀၁၆၁၈၂ ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း**

### (၂၁)နှစ်မြောက် မွေးနေ့မင်္ဂလာဆုတောင်း

သားသား ဒုဗိုလ်ကျော်ဇင်ထက်၏ ၂၀-၂-၂၀၁၆ရက်တွင် ကျရောက်သော (၂၁)နှစ်မြောက်မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင် တပ်မတော်နှင့် နိုင်ငံတော်အကျိုးကို သယ်ပိုးနိုင်သူဖြစ်ပါစေ။

**ဖေဖေ ဗိုလ်မှူးချုပ်အောင်မျိုးသန့်-**
**မေမေ ဒေါ်ဥမ္မာဝင်း**

### အမည်ဖြည့်စွက်ခေါ်ပါရန်

တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်နေ ဦးအိုက်ဂူး(ခ)ဦးအောင်တင်၏သား စိုင်းသက်အောင်ဒင် ၉/သပက(နိုင်)၀၄၆၆၁၀အား စိုင်းသက်အောင်ဒင်(ခ)စိုင်းသက်အောင်တင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/6776,Toyota Harrier S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မောင်လွန်း၁၂/အစန(နိုင်)၀၀၂၀၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ ဓမ္မသော်ကျေးရွာနေ ဒေါ်ခင်မာရီ ၇/ပခတ(နိုင်)၀၀၈၆၇၃ ၏သား မောင်မျိုးကိုကိုလွင် ၇/ပခတ(နိုင်)၀၇၃၅၁၈ သည် မိဘဆိုဆုံးမမှုကို နားမထောင်သည့်အပြင် မိမိသဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ခင်မာရီ ၇/ပခတ(နိုင်) ၀၀၈၆၇၃**
**(မေးမြန်းခြင်းသည်းခံပါ)**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)ကို ဖေဖော်ဝါရီ ၂၀ ရက် **(ယနေ့)**တွင် စတင်ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် တတိယနေရာမှ ဇွဲကပင်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၇)အဖြစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျောက်တိုင်ကွင်း၌ ဧရာဝတီအသင်းနှင့် Horizon အသင်း၊ YUSC ကွင်း၌ လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့် ရခိုင်အသင်း၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရတနာပုံအသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် မကွေးအသင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲစဉ်(၆)အပြီးတွင် ရတနာပုံအသင်းက ၁၆ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေပြီး ဟံသာဝတီအသင်းက ၁၄ မှတ်ဖြင့် ဒုတိယ၊ ဇွဲကပင်အသင်းက ၁၃ မှတ်ဖြင့် တတိယနေရာတို့ ရရှိနေသည်။ မကွေး၊ ဇေယျာရွှေမြေနှင့် ဧရာဝတီအသင်းတို့က ကိုးမှတ်စီ၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ခုနစ်မှတ်၊ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်းတို့က ခြောက်မှတ်စီ၊ ချင်းယူနိုက်တက်နှင့် Horizon အသင်းတို့က လေးမှတ်စီ၊ Southern အသင်းက တစ်မှတ်တို့ ရရှိထားသည်။

ယခုရာသီတွင် ရလဒ်ကောင်းများ ရရှိနေသည့် ရတနာပုံအသင်းနှင့် ဇွဲကပင်အသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ ယခုတစ်ပတ်၏ အကောင်းဆုံးပွဲဖြစ်လာနိုင်ပြီး အကြိတ်အနယ်ရှိမည့်ပွဲဖြစ်သည်။ ရာသီအစပွဲစဉ်များတွင် ရလဒ်များ ဆိုးရွားခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များ၌ နိုင်ပွဲများရယူထားသည့် ဧရာဝတီနှင့် ရန်ကုန်အသင်းတို့သည် အိမ်ကွင်းပွဲစဉ်များ ကစားရမည်ဖြစ်ပြီး ဒုတိယနေရာမှ ဟံသာဝတီအသင်းသည် ဇွဲကပင်နှင့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်အရေးယူနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**ဇွဲကပင်-ရတနာပုံ**

ရတနာပုံအသင်းသည် ထိပ်ဆုံး၌ ဦးဆောင်နေသကဲ့သို့ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းတွင် ပွဲစဉ်(၆) အပြီး၌ သွင်းဂိုးအများဆုံးနှင့် ပေးဂိုးအနည်းဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ဇွဲကပင်အသင်းသည် Horizon အသင်းကို မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့သည်မှလွဲ၍ ကျန်ပွဲစဉ်များတွင် ပုံစံကောင်းပြသထားနိုင်သည်။ ဇွဲကပင်အသင်းသည် အသင်းကြီးများနှင့် ဆက်တိုက်ကစားနေရခြင်းဖြစ်ပြီး ဇေယျာရွှေမြေကို သရေ၊ ရှမ်းယူနိုက်တက်အသင်းကို အနိုင်ကစားထားသည်။ နှစ်သင်းစလုံး အမာခံအများစုဖြင့် ပွဲထွက်လာပြီဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မည့်ပွဲဖြစ်သည်။

**ညီမြတ်သော်တာ**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် ပထမဆုရ မြန်မာအမျိုးသား ခြင်းလုံးအသင်းကို ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

✻ *ကျောဖုံးမှ*

ပထမ မြန်မာ၊ ဒုတိယ ထိုင်း၊ တတိယ ကမ္ဘောဒီးယား၊ Event-3 အမျိုးသားပြိုင်ပွဲ၌ ပထမ ကမ္ဘောဒီးယား၊ ဒုတိယ တောင်ကိုရီးယား၊ တတိယ အိန္ဒိယ၊ အမျိုးသမီးပြိုင်ပွဲ၌ ပထမ ထိုင်း၊ ဒုတိယ လာအို၊ တတိယ ကမ္ဘောဒီးယား၊ Event-2 အမျိုးသားပြိုင်ပွဲ၌ ပထမ လာအို၊ ဒုတိယ မြန်မာ၊ တတိယ အင်ဒိုနီးရှား၊ အမျိုးသမီးပြိုင်ပွဲ၌ ပထမ အင်ဒိုနီးရှား၊ ဒုတိယ လာအို၊ တတိယ မလေးရှား၊ Event-1 အမျိုးသားပြိုင်ပွဲ၌ ပထမ မလေးရှား၊ ဒုတိယ အီရန်၊ ပူးတွဲတတိယ စင်ကာပူနှင့် သီရိလင်္ကာ၊ အမျိုးသမီးပြိုင်ပွဲ၌ ပထမ မလေးရှား၊ ဒုတိယ မြန်မာ၊ တတိယ အင်ဒိုနီးရှား၊ အာရှချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပထမ မလေးရှား၊ ဒုတိယ မြန်မာ၊ ပူးတွဲတတိယ စင်ကာပူနှင့် လာအိုတို့ ရရှိပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အာရှခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့၏ ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့်ဇနီး ဒေါ်အယ်လ်ခွန်းရီ (မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ)၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာ ဒက်တိုအဒူဟယ်လင်နှင့် အဖွဲ့ဝင်များ၊ အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ ပြိုင်ပွဲဝင်နိုင်ငံများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ ခြင်းလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

❍ *ကျောဖုံးမှ*

ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေခဲ့ရရာ ရွန်းနီ၊ အက်ရှ်လေယန်း၊ ရိုဂျို၊ ရှဝိန်းစတိုင်ဂါ၊ ဗလင်စီယာ၊ လုခ်ရှော၊ ဒါမီယန်၊ ဂျက်စ်ဆန်၊ ဗာရဲရား၊ ဂျိုးနက်စ်တို့ မပါဝင်နိုင်ခဲ့ပေ။

ပွဲချိန် ၃၇ မိနစ်တွင် လင်ဂတ်ဖန်တီးပေးမှုကို ဒီပေးက မန်ယူအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မစ်ဂျယ်လန်းအတွက် ချေပဂိုးကို ကွင်းလယ်ကစားသမား ဆစ်တိုက သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၇၇ မိနစ်တွင် မစ်ဂျယ်လန်းအတွက် အနိုင်ဂိုးကို လူစားဝင်လာသော ပေါအိုနူအာချူက ၁၈ ကိုက်အတွင်းမှာပင် သွင်းယူခဲ့သည်။ မန်ယူတို့ ချေပဂိုး ပြန်လည်မသွင်းနိုင်ဘဲ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။


ယူရိုပါလိဂ်ဖလားကို အအောင်မြင်ဆုံးဖြစ်ပြီး လက်ရှိ နှစ်နှစ်ဆက်တိုက်ချန်ပီယံ စပိန်ကလပ် ဆီဗီလာနှင့် နော်ဝေကလပ် မိုလ်ဒီတို့ ပွဲစဉ်တွင် အိမ်ရှင်ဆီဗီလာအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ယင်းပွဲတွင် ဆီဗီလာက ၄-၂-၃-၁ ကစားကွက်ဖြင့် လည်းကောင်း၊ မိုလ်ဒီက ၄-၄-၂ ကစားကွက်တို့ဖြင့် လည်းကောင်း ပွဲထွက်လာခဲ့ကြသည်။ ဆီဗီလာအတွက် အနိုင်ဂိုးများကို ပွဲချိန် ၃၅ မိနစ်နှင့် ၄၉ မိနစ်တို့တွင် တိုက်စစ်မှူး ဖာနန်ဒိုလော်ရန်တီက သွင်းယူခဲ့ပြီး ၇၂ မိနစ်တွင် လူစားဝင်လာသော တိုက်စစ်မှူး ကီဗင်ဂါမီရိုက သွင်းယူခဲ့သည်။

အခြား စပိန်ကလပ်ပွဲစဉ်ဖြစ်သော ဗီလာရီးရဲက အီတလီကလပ် နာပိုလီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဗီလာရီးရဲအတွက် အနိုင်ဂိုးကို ၈၂ မိနစ်တွင် ကွင်းလယ်ကစားသမား ဒန်းနစ်ဆွာရက်ဇ်က သွင်းယူခဲ့သည်။ စပိန်ကလပ် ဗလင်စီယာက ဩစတြီးယားကလပ် ရက်ပစ်ဝီအန်ကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဗလင်စီယာအတွက် အနိုင်ဂိုးများကို ပွဲချိန် ၄ မိနစ်နှင့် ၂၅ မိနစ်တွင် ဆန်တီမီနာက သွင်းယူပြီး ၁၀ မိနစ်တွင် ပါရီဂျို၊ ၂၉ မိနစ်တွင် နီဂရီဒို၊ ၃၅ မိနစ်တွင် အန်ဒရီဂိုမက်စ်၊ ၈၉ မိနစ်တွင် ရိုဒရီဂိုတို့က သွင်းယူခဲ့သည်။

**သီဟ-ရေးသည်**

## ယူရိုပါလိဂ် ၃၂ သင်း ရှုံးထွက်အဆင့်(ပထမအကျော့) အနိုင်/အရှုံး

| | | | | | |
|---|---|---|---|---|---|
| ဖီနာဘာချီ | ၂-၀ | လိုကိုမိုးတစ် | ဂါလာတာစာရေး | ၁-၁ | လာဇီယို |
| ဒေါ့မွန် | ၂-၀ | ပေါ်တို | ဆီယွန် | ၁-၂ | ဘရာဂါ |
| အန်ဒါလက်ချ် | ၁-၀ | အိုလံပီယာကို့စ် | ရှက်တာဒိုးနက် | ၀-၀ | ရှော့လ်ကေး |
| စိန့်အီတီယန် | ၃-၂ | ဘေဆယ် | မာဆေး | ၀-၁ | ဘီလ်ဘာအို |
| စပါတာပရပ်ဂ် | ၁-၀ | ခရက်နိုဒါ | စပို့တင်း | ၀-၁ | လေဗာကူဆင် |




**ရွှေကြေးစည် မှ မြတ်မော်တင်စွန်းဘုရားပွဲသို့ Feb-21**
ရွှေစက်တော်(သီးသန့်)၊ အလောင်းတော်ကဿပ(သီးသန့်) လမ်းဘုရားစုံ(အပတ်စဉ် အင်္ဂါ၊ သောကြာထွက်မည်)
▲ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ ဆက်၍-(အလောင်းတော်ကဿပ၊ မုံရွာ) (စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်)
(ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (ရွှေစက်တော်၊ အလောင်းတော်ကဿပ သီးသန့်)
▲ (အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ သီးသန့်) ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနီး
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတော်ကတ္တူ၊ ထပ်စမ်းလိုက်ဂူ
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်အနီး)
မန္တလေး၊ ပြင်ဦးလွင်အနီး ဂုတ်ထိပ်၊ ဒီးဒုတ် ကျောက်စိမ်းဘုရား
▲ (ကျိုက်ထီးရိုး-နေ့စဉ်) (ကျိုက်ခမီ၊ မော်လမြိုင်၊ စက်စဲ) (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
ပန်းဆိုးတန်း: ☎ 01-240860/01-372290 ဒေါ်ပုံ 09-49282825, 09421029191

## အပူဇော်ခံကြွရောက်ရန်ဖိတ်ကြားခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပုညကုသလအသင်းကြီး၏ သက်ကြီးပူဇော်ပွဲကို ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ရဲဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ အသက် (၈၀)ပြည့်သူ အသင်းဝင်များသည် အပူဇော်ခံကြွရောက်ရန် ဖိတ်ကြားအပ်ပါသည်။

## ပျောက်ဆုံး

ကျွန်မ မငွေးဝင်း ၁၀/ကမရ(နိုင်) ၁၄၂၄၂၇ ၏ မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၂၈၇၅၉၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၂၉၆၉၃ Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဟွမ်နွန်း ၁၃/တကန(နိုင်)၁၄၆၅၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**



# 'ဝ'တိုင်းရင်းသားတို့၏ စုပေါင်းနှစ်သစ်ကူးပွဲကျင်းပ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၉**

'ဝ'တိုင်းရင်းသားတို့၏ (၄၀)ကြိမ်မြောက် ရိုးရာယဉ်ကျေးမှုစုပေါင်းနှစ်သစ် ကူးပွဲတော်ကို ကျိုင်းတုံမြို့နယ် ပိန်းဆိုင်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

နှစ်သစ်ကူးပွဲတော်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်အေးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး 'ဝ'တိုင်းရင်းသား ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးညီနပ်က ရိုးရာနှစ်ကူးပွဲတော်အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးက ယဉ်ကျေးမှုကော်မတီသို့ အလှူငွေပေးအပ်လှူဒါန်းခဲ့ပြီး 'ဝ'တိုင်းရင်းသား အမဲလိုက်အက၊ နှစ်သစ်ကူးရိုးရာအကတို့ဖြင့်ဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ပွဲတော်ကျင်းပရာကွင်းပြင်တွင် နှစ်သစ်ကူးရိုးရာအကများဖြင့် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



# ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးအတွက် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်

**တီးတိန် ဖေဖော်ဝါရီ ၁၉**

ချင်းပြည်နယ် တီးတိန်မြို့၌ လျှပ်စစ်ဓာတ်အားစနစ် ကောင်းမွန်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးအတွက် မြို့ပေါ်ရပ်ကွက်လေးခုတွင်(၁၁/၀. ၄) ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်ဖော်မာ တစ်လုံးစီကို တိုးချဲ့တပ်ဆင်လျက်ရှိကြောင်း သိရသည်။

မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်နိုင်နှင့် လျှပ်စစ်ဝန်ထမ်းများက တီးတိန်မြို့ပေါ်ရှိ လွယ်ဘွားလ်ရပ်ကွက်၊ မြို့မရပ်ကွက်၊ စကော့လမ်းရပ်ကွက်၊ လေးလုမ်းရပ်ကွက်များတွင် ထရန်စဖော်မာသစ်များကို တပ်ဆင်နေခြင်းဖြစ်ပြီး ထရန်စဖော်မာသစ်တပ်ဆင်ခြင်းအပြင် လျှပ်စစ်မီးလိုင်းကြိုးများ၊ ဓာတ်တိုင်များနှင့် အိမ်သုံးလျှပ်စစ် ဝိုင်ယာကြိုးများ ကောင်းမွန်မှု ရှိမရှိစစ်ဆေးခြင်း၊ ဆွေးမြည့်နေသော သစ်သားဓာတ်တိုင်များကို သံဓာတ်တိုင်အသစ်များဖြင့် လဲလှယ်ခြင်း၊ လျှပ်စစ်လိုင်းကြိုးများ မပူးမိစေရန်နှင့် မီးကြိုးများ ရိုက်ခတ်ခြင်းကြောင့် မီးကြိုးများပျက်ကျမှု အန္တရာယ်မှကာကွယ်ရန် Isolated Link Connection များ တပ်ဆင်ခြင်း စသည့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် တီးတိန်မြို့နှင့် ကျေးရွာသုံးရွာသို့ ဇာလွီးရေအားလျှပ်စစ်စက်ရုံမှ 200 KW ဓာတ်အားပေးစက်နှစ်လုံးနှင့် 300 KVA ဒီဇယ် ဓာတ်အားပေးစက်များဖြင့် တစ်ရက်လျှင် ၁၆ နာရီခန့် ဓာတ်အားပေးလျက်ရှိရာ ထရန်စဖော်မာသစ်များ ပြီးစီးပါက ဓာတ်အားပျောက်ဆုံးမှုလျော့နည်းပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားအသုံးပြုမှုပို၍ အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# ရန်ကုန်-ဗန်ကောက်-ရန်ကုန်ခရီးစဉ် ဘိုးရင်းလေယာဉ်အသစ်ဖြင့် ပြေးဆွဲမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း MNA (Myanmar National Airlines) မှ တတိယအကြိမ်မြောက် နိုင်ငံတကာခရီးစဉ်တစ်ခုဖြစ်သည့် ရန်ကုန်-ဗန်ကောက်-ရန်ကုန်ခရီးစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက်က ရောက်ရှိလာသည့် ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်အသစ်ဖြင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံပိုင်လေကြောင်းလိုင်းအနေနဲ့ အရင်ကမြန်မာ့လေကြောင်းအမည်နဲ့ရန်ကုန်ကနေ ဗန်ကောက်ကို ၁၉၅၀ ခုနှစ်ကနေ ၁၉၉၃ ခုနှစ်အထိတိုင်အောင် ပြေးဆွဲခဲ့ပါတယ်။ အခုမြန်မာအမျိုးသားလေကြောင်းလိုင်းအနေနဲ့စင်ကာပူ၊ ဟောင်ကောင်ခရီးစဉ်ပြီးတဲ့နောက်မှာ ဘိုးရင်းလေယာဉ်အသစ်နဲ့ ဗန်ကောက်ကို ပြန်လည်ပြေးဆွဲနိုင်တဲ့အပေါ်မှာလည်း ဂုဏ်ယူမိပါတယ်"ဟု မြန်မာအမျိုးသား လေကြောင်းလိုင်းအမှုဆောင်အရာရှိချုပ် ကပ္ပတိန် ဦးသန်းထွန်းက ပြောသည်။နိုင်ငံပိုင်လေကြောင်းလိုင်းတစ်ခုဖြစ်သော မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ဗန်ကောက်မြို့သို့ ဘိုးရင်းလေယာဉ်အသစ်ဖြင့် ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ကာ နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြေးဆွဲပေးမည့်ခရီးစဉ်မှာ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် ရန်ကုန်မှ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်သည်။ အင်္ဂါနေ့နှင့် ကြာသပတေးနေ့တို့တွင် ရန်ကုန်မှ ညနေ ၅ နာရီ ၅၅ မိနစ်တွင်ထွက်ခွာပေးမည်ဖြစ်၍ စနေနေ့တွင် ရန်ကုန်မှ ညနေ ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် ဗန်ကောက်လေဆိပ်မှ ပြန်လည်ထွက်ခွာမည့် အချိန်မှာ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် ဗန်ကောက်မှ ည ၉ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ အင်္ဂါ၊ ကြာသပတေးနေ့နှင့်စနေနေ့တို့တွင်လည်းကောင်း ထွက်ခွာပျံသန်းပေးမည်ဖြစ်ကြောင်း သိရသည်။

လေယာဉ်လက်မှတ်ခအနေဖြင့်ရန်ကုန်-ဗန်ကောက်-ရန်ကုန်ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၃၉ဒေါ်လာဖြင့်(လေယာဉ်ဆီဖိုးနှင့် လေဆိပ်အခွန်အခများ အပါအဝင်)စတင်အရောင်းမြှင့်တင်လျက်ရှိကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ချင်းမိုင်၊ တရုတ်နိုင်ငံ(တိုင်ပေ)တို့သို့လည်း ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-အေကေလင်း**



ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ မီးဘေးကာကွယ်ရေးအတွက် မြို့အတွင်း လှည့်လည်သတိပေးလှုံ့ဆော်မှုများကို မြို့နယ်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းကော်မတီ၏ ဒေသပိုင်မီးသတ်အဖွဲ့ မော်တော်ယာဉ်ဖြင့် ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းက လှည့်လည်သတိပေးစဉ်။ နေဝင်းအောင် (မြန်အောင်)

# နမ့်ဆန်မီးဘေးသင့်ပြည်သူများအား အလှူရှင်များ အဆက်မပြတ်လာရောက်လှူဒါန်းလျက်ရှိ



**နမ့်ဆန် ဖေဖော်ဝါရီ ၁၉**

နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများကို မြို့မဂိုဏ်းချုပ်ကျောင်း မီးဘေးသင့်ကယ်ဆယ်ရေးစခန်းသို့ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အဆက်မပြတ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၆ ရက်က ကလေးမြို့ဆရာတော်ဦးဆောင်သော ရဟန်းရှင်လူအလှူရှင်များက မီးဘေးသင့်အိမ်ထောင်စု ၂၉၃ စုအတွက် တစ်အိမ်ထောင်လျှင် အလှူငွေကျပ် ၆၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ငါန်းဇွန်မြို့ ပရဟိတကူညီရေးအသင်းမှ တစ်အိမ်ထောင်လျှင်ကျပ် ၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မန္တလေးမြို့ အစ္စလာမ်ဘာသာလူမှုကူညီရေးအသင်းက အိမ်ထောင်စုတစ်စုလျှင်ကျပ် ၂၂၅၀၀နှုန်းနှင့် ပညာရေးကော်မတီအတွက် ကျပ်သိန်း ၃၀၊ ကျန်းမာရေးကော်မတီအတွက်ကျပ်သိန်း ၃၀ စီကိုလည်းကောင်း၊ မန္တလေးမြို့ တရုတ်နှစ်ခြင်းအသင်းတော်နှင့် နမ့်ဆန်မက်သဒစ်အသင်းတော်မှ မီးဘေးသင့်အိမ်ထောင်စု တစ်စုလျှင်ကျပ် ၃၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ လားရှိုးမြို့ မန်ကောင်းလုံကျေးရွာ ခရစ်ယာန်အသင်းတော်မှ အိမ်ထောင်စုတစ်စုလျှင်ကျပ် ၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မန္တလေးမြို့တောင်တက်စက်ဘီးအဖွဲ့က အိမ်ထောင်စုတစ်စုလျှင်ကျပ် ၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မန္တလေးမြို့ မဟာဘုံကထိန်အဖွဲ့က အိမ်ထောင်စုတစ်စုလျှင်ကျပ် ၁၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မန္တလေးမြို့ကုန်သည်များနှင့် ကုန်စည်ဒိုင်မှ အိမ်ထောင်စုတစ်စုလျှင်ကျပ် ၈၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဦးအောင်ထွန်းခိုင်နှင့် သူငယ်ချင်းအဖွဲ့က မီးဘေးသင့်အိမ်ထောင်စု ၂၀၈ စုအတွက် တစ်အိမ်ထောင်လျှင်ကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထို့အပြင်အလှူခံဌာနသို့ နယ်ပေါင်းစုံမှ အလှူရှင်အဖွဲ့များနှင့် တစ်ဦးချင်းအလှူရှင်များက ဆန် ၃၁ အိတ်၊ ဆီ ၅၀ ပိဿာ၊ ငါးသေတ္တာ ၁၂ ဖာ၊ ဆေးဝါးမျိုးစုံ သုံးဖာ၊ ဗလာစာအုပ် ဒါဇင် ၁၀၀၊ စောင် သုံးထုပ်၊ အဝတ်အထည် ၄၀၃ ထုပ်နှင့် အလှူခံရငွေ ၃၄၈၂၅၅၀၀ ကျပ်ကိုလှူဒါန်းထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာများ၌ ရေပြတ်လပ်ပါက ကူညီနိုင်ရန်ဆွေးနွေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာများ၌ နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှု ကြုံတွေ့ပါက ကူညီနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်က ၂၀၁၆ ခုနှစ် နွေရာသီကာလတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အကျိုးသက်ရောက်မှုကြောင့် ပူပြင်းခြောက်သွေ့မှုကာလကြာရှည်နိုင်ခြင်း၊ မြေပေါ်မြေအောက်ရေအရင်းအမြစ်များ ဆုတ်ယုတ်ကာ ရေရှားပါးမှုပြဿနာများ ကြုံတွေ့နိုင်ခြင်းတို့ကြောင့် ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်အတွင်းရှိဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအလှူရှင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များအနေဖြင့် မိမိတို့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကိုအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအေးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ရှိန်တို့က ရေပြတ်လပ်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှုဆွေးနွေးပြီး လူမှုကူညီရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသအလိုက်လိုအပ်ချက်များ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့သည်။

ပြီးခဲ့သည့် နှစ်နွေရာသီကာလတွင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာကိုးရွာ၌ ရေပြတ်လပ်မှုဖြစ်ပေါ်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကရန်ပုံငွေကျပ် ရှစ်သိန်းကျော်အသုံးပြု၍အဆိုပါရွာကိုးရွာမှ အိမ်ထောင်စု ၁၆၀၀ ကျော်အတွက် ရေ ၇၄၈၂၅ ဂါလန်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်တွင် ညအိပ်ရပ်နားယာဉ်များကြောင့် လမ်းပြုပြင်ရာတွင် အခက်အခဲများရှိနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

နေ့စဉ် ယာဉ်ဖြတ်သန်းသွားလာမှုများသော လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးပေါ်တွင် ညအိပ်ရပ်နားသော မှန်လုံယာဉ်များနှင့်စက်ပြင်ဆင်သော မှန်လုံယာဉ်များကြောင့် လမ်းမီးမရှိသော အဝေးပြေးကားလမ်းမပေါ်တွင် ဖြတ်သန်းသွားလာနေသောယာဉ်များအတွက် အန္တရာယ်ရှိနေသည့်အပြင် အဆိုပါလမ်းပိုင်းကို တာဝန်ယူထားသော လမ်းပြုပြင်မည့်ကုမ္ပဏီမှလမ်းခင်းသည့်အဖွဲ့များအနေဖြင့်လည်း လမ်းပြုပြင်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။

ရန်ကုန်-ညောင်တုန်းကားလမ်းနှင့် ရန်ကုန်-ပုသိမ်ကားလမ်းပေါ်တွင် ယာဉ်များရပ်နားထားမှုအများဆုံးနေရာမှာ ဒဂုံဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းအနီးနှင့် နည်းပညာတက္ကသိုလ်ဆိုင်းဘုတ်အနီးတို့တွင်ဖြစ်ပြီး စက်ပြင်နေသော ယာဉ်အချို့မှာလနှင့်ချီ၍ ကြာမြင့်သည့်တိုင် ရပ်ထားသောကြောင့် အဆိုပါလမ်းမကြီးတစ်လျှောက်တွင် လမ်းပြုပြင်နေသောအဖွဲ့အနေဖြင့် ရပ်နားထားသောယာဉ်များနေရာတွင် မပြုပြင်နိုင်ဘဲ ကျော်၍ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့တာဝန်ယူရတာက ဘုရင့်နောင်တံတားကနေ ၁၀ မိုင်ရှိတဲ့ ပရွတ်ရွာအထိပြန်လည်ဖာထေးတာ၊ ထပ်ပိုးခင်းတာတွေလုပ်ဆောင်နေတာပါ။ ကုမ္ပဏီကပုသိမ် ၁၁၃ မိုင်အထိ တာဝန်ယူလုပ်ဆောင်နေပါတယ်။ ဒီနေ့ခင်းနေတာကအလုပ်သမားဆေးရုံရှေ့မှာပါ။ ၇ မိုင် တူးချောင်းတိုးဂိတ်ကနေ ဘုရင့်နောင်တံတားအထိကားလမ်းကိုပြုပြင်ဆောင်ရွက်နေတာပါ။ တချို့နေရာတွေဆိုရင် လမ်းပေါက်ပြဲနေလို့ ဖာထေးပြုပြင်ချင်ပေမယ့်ကျော်ပြီးလုပ်ဆောင်ရတဲ့အပိုင်းတွေလည်းရှိတယ်။ နည်းပညာတက္ကသိုလ်ဆိုင်းဘုတ်နားမှာဆိုရင် ကားတွေလနဲ့ချီပြီး လမ်းပေါ်မှာရပ်ထားတာ ကြာနေတော့နေရာကျော်ပြီးလုပ်ဆောင်ရတာတွေရှိတယ်။ အမှန်က စည်ပင်ဧရိယာအတွင်းမှာရှိတဲ့ ဒီအမြန်လမ်းပေါ်မှာညအိပ်ယာဉ်တွေ၊ ဝပ်ရှော့ဆိုင်တွေ၊ ရေဆေးခုံတွေမရှိသင့်ဘူး။ လမ်းပိတ်ဆို့မယ်၊ လမ်းပျက်စီးမယ်။ ပြီးတော့ ပြည်သူတွေပဲ နစ်နာတာပါ"ဟု လမ်းခင်းနေသော အိုရီယန်တဲလ်ဟိုင်းဝေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက ပြောသည်။

လှိုင်သာယာတွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နေခြင်းသည် ကားလမ်းပေါ်တွင် ယာဉ်များ ရပ်နားကာစက်ပြင်ခြင်းနှင့် ညအိပ်ရပ်နားသော ယာဉ်ကြီးများကြောင့်ဖြစ်ကြောင်း၊ ညပိုင်းအမှောင်ထုတွင် ကားမီးရောင်ဖြင့်သာ သွားလာလျက်ရှိသောကြောင့် လမ်းဘေး ညအိပ်ရပ်နေသော ယာဉ်များက ယာဉ်အန္တရာယ်ကိုဖိတ်ခေါ်သကဲ့သို့ရှိနေကြောင်း၊ လှိုင်သာယာတွင် ဘုရင့်နောင်တံတားမှ နည်းပညာတက္ကသိုလ်အထိ ကားလမ်းသည် ၄၈ ပေကျယ်၍ လမ်းပြုပြင်နေချိန်များတွင် ယာဉ်သွားလာမှုအဆင်ပြေသော်လည်း နည်းပညာတက္ကသိုလ်နှင့် ၁၀ မိုင်အထိသည် ၂၄ ပေသာကျယ်သည့်အတွက် လမ်းပြုပြင်နေချိန်တွင် ယာဉ်များသွားလာမှုအဆင်ပြေစေရန် သတိပြုဆောင်ရွက်နေရ၍ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်တွင် ညအိပ်ရပ်နားယာဉ်များ ရှင်းလင်းနေမှ အများပြည်သူသွားလာမှုအဆင်ပြေမည်ဖြစ်ကြောင်း အင်ဂျင်နီယာတစ်ဦးက ပြောသည်။

**(၁၆၄)**

# မြိုင်မြို့တွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိ

**မြိုင် ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့၌ နွေရာသီအတွင်း သောက်သုံးရေအခက်အခဲမရှိစေရေးအတွက် ရေတွင်းများတူးဖော်ခြင်းနှင့် ရေကန်များတည်ဆောက်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



၂၀၁၆ ခုနှစ်နွေရာသီတွင် မြန်မာနိုင်ငံအနေဖြင့် အယ်လ်နီညို သက်ရောက်မှုရှိနိုင်ပြီး အပူချိန်မြင့်မားခြင်း၊ ခြောက်သွေ့ခြင်းနှင့် ရေရှားပါးခြင်းများ ကြုံတွေ့နိုင်မည်ကို မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒမှ ကြေငြာထားပြီးဖြစ်၍မိုးနည်းရေရှားဒေသတွင် ပါဝင်သော မြိုင်မြို့နယ်သည် နှစ်စဉ်နှစ်တိုင်းထက် ပိုမိုပူပြင်းခြောက်သွေ့ရုံသာမက ရေရှားပါးမှုကိုပါ တွေ့ကြုံနိုင်ကြောင်း၊ မြို့ပေါ်ရပ်ကွက်သုံးခုမှ လူဦးရေ ၆၈၀၀ ကျော်အတွက် ရေလိုအပ်ချက်မှာ တစ်ရက်လျှင် ဂါလန် ၁၃၅၆၀၀ ဖြစ်၍ရေလုံလောက်စွာ ရရှိရန်ကြိုတင်ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြိုင်မြို့နယ်တွင် ယခင်က ရေတွင်းနှစ်တွင်းမှ ရရှိသောရေများကို အမှတ်(၃)ရပ်ကွက် မြင့်မိုရ်ရပ်ရှိ ရေဂါလန် ၂၀၀၀၀ ဆံ့နှင့် ၁၀၀၀၀ဆံ့ ရေကန်နှစ်ကန်ဖြင့် သုံးရက်တစ်ကြိမ် ရေပေးဝေခဲ့ရာမှ လုံလောက်မှုမရှိသဖြင့် ဂါလန် ၅၀၀၀၀ ဆံ့ ရေကန်ကို ထပ်မံတည်ဆောက်ပြီးဖြစ်ကြောင်း၊ ယင်းရေကန်တွင် ရေထည့်နိုင်ရန်မြေငှားရမ်းခြင်းနှင့် ရေတွင်းတူးဖော်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယခုအခါ ခြောက်လက်မရေတွင်း သုံးတွင်း တူးဖော်ပြီးဖြစ်၍ ရေထွက်ရှိမှုလည်း အားကောင်းကြောင်း၊ နောက်ထပ်ရေတွင်းနှစ်တွင်းကိုလည်း ဆက်လက်တူးဖော်လျက်ရှိပြီး စုစုပေါင်း ရေတွင်းလေးတွင်းမှရရှိသောရေများကို ဂါလန် ၅၀၀၀၀ ဆံ့ကန်သို့ပေးပို့ပြီး ပြည်သူများအား ရေဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။

သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဆောင်ရွက်မှုများ၊ ရေကန်များ၊ရေတွင်းများ၊ ရေပေးဝေမှုနေရာ၊ ယခုလက်ရှိ ရေတွင်းတူးဖော်နေသည့်နေရာများကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဒေါ်သင်းသင်းလှိုင်နှင့်အဖွဲ့က ဖေဖော်ဝါရီ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား စစ်ဆေးအရေးယူ

**တနင်္သာရီ ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအနေဖြင့် သတ်မှတ် စည်းကမ်းများကို လိုက်နာခြင်း ရှိ မရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၇ ရက်က စစ်ဆေးပြီး စည်းကမ်းမလိုက်နာသူများအား အရေးယူခဲ့ကြောင်း သိရသည်။



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့တွင် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့မရဲစခန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မထသ၊ မော်တော်ဆိုင်ကယ် Taxi အသင်းတို့မှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်ပြီး ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့် သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်ဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ဆင်ရန်နှင့်နှစ်ဦးထက်ပို၍စီးနင်းမောင်းနှင်ခြင်းမပြုရန်တို့ကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းမှ ညနေ ၄ နာရီအထိအတွင်း ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲ စီးနင်းမောင်းနှင်သည့် ဆိုင်ကယ် ၂၁ စီးကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## စလင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**စလင်း ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဌေးမော် ဦးဆောင်သည့် သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းတင့် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်ခြောက်ခုရှိ နေအိမ်များသို့တစ်အိမ်တက်ဆင်း ကွင်းဆင်း၍မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့အပြင် လူနေရပ်ကွက်များအတွင်း လောင်စာဆီ သိုလှောင်ရောင်းဝယ်ခြင်းများ မပြုရေးအတွက်လည်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## သတင်းတိုများ

### စေတုတ္တရာမြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် လျှပ်စစ်အန္တရာယ်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရန် မြို့ပေါ်ရပ်ကွက်များရှိနေအိမ်များ၊ ရုံးများမှ ဟောင်းနွမ်းနေသော ဆားဗစ်မီးကြိုးများကို အသစ်တပ်ဆင်ခြင်း၊ မီတာများကို ပိုက်စွပ်ဆီးလ်ခတ်ခြင်းများကို မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ခံ ဦးမျိုးမင်းနိုင်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ တစ်အိမ်ချင်းလိုက်လံစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

### တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ(ကြက်ခြေပြာ)သင်တန်းဆင်း

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ(ကြက်ခြေပြာ) သင်တန်းဆင်းပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးနှင့် တိုက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်မြင့်တို့က အမှာစကားပြောကြားပြီး သင်တန်းသား ၃၇ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**ထွန်းလှိုင်(မြိုင်)**

# မီးလောင်မှုဖြစ်ပွားသော ကျေးရွာသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**ချောက် ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် သံဘိုကျေးရွာအုပ်စု ကန်ရေကြီး(တောင်)ကျေးရွာ၌ ဖေဖော်ဝါရီ ၁၆ ရက်က မီးလောင်မှုဖြစ်ပွားပြီး နေအိမ်ဆုံးရှုံးခဲ့သော အိမ်ထောင်စုနှစ်စုအတွက် ထောက်ပံ့ပစ္စည်းများကို ဖေဖော်ဝါရီ ၁၇ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အမျိုးသား၊ အမျိုးသမီး လုံခြည်၊ စောင်၊ မျက်နှာသုတ်ပဝါ၊ ဒန်အိုး၊ ဇလုံ၊ တီရှပ်၊ ကာဘော်လိပ်ဆပ်ပြာ၊ ခြင်ထောင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက Paking List for family kit Items ပုံးနှစ်ပုံး၊ Hygiene kit Contents List နှစ်ပုံးနှင့် ပလပ်စတစ်ရေပုံးများကိုလည်းကောင်း ပေးအပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါထောက်ပံ့ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးလွင်နှင့် မြို့နယ်ကြက်ခြေနီအသင်း ဒုတပ်ရင်းမှူး ဦးမိုးဟိန်းတို့က မီးဘေးသင့်မိသားစုနှစ်စုထံ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**ဝင်းအိမွန်(ပြန်ဆက်)**



## New Product

# ဆယ်လ်ဖီအတွက် အထူးပြုလုပ်ထားတဲ့ Asus ZenfoneSelfie

ကင်မရာပိုင်းကိုဦးစားပေးထားတဲ့ Asus Zenfone Selfie ဟာ ပြည်တွင်းဈေးကွက်ကို နှစ်ဆန်းပိုင်းတုန်းက ဝင်ရောက်ခဲ့တဲ့ မော်ဒယ်မြင့်စမတ်ဖုန်းတစ်လုံး ဖြစ်ပါတယ်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပါတယ်။ ဆင်းကတ်နှစ်ကတ်အသုံးပြုနိုင်ပြီး မိုဘိုင်းနက်ဝပ်က GSM နဲ့ အင်တာနက် နက်ဝပ်က 4G(LTE) အထိ ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 5.0(Lollipop)ကိုသုံးထားပြီး နောက်ထွက်လာမယ့် Android M ကိုလည်း ထွက်လာချိန်မှာထပ်ပြီး Upgrade လုပ်နိုင်မှာဖြစ်ပါတယ်။ စီပီယူက Quad-core Cortex-A53 & Quad-core Cortex-A53 ကိုသုံးထားပြီး Internal Storage 32 GB၊ မင်မိုရီ 3GB နဲ့ တစ်မျိုး၊ Internal Storage 16 GB၊ မင်မိုရီ 2GB နဲ့တစ်မျိုး ထွက်ထားပါတယ်။ ဘက်ထရီကလည်း Li-Po 3000 mAh ဖြစ်လို့ ဖုန်းပြောဖို့ အသင့်အနေအထားမှာ ၁၄ ရက်လောက် ထားနိုင်မှာဖြစ်ပါတယ်။



ကင်မရာပိုင်းမှာ အထူးပြုလုပ်ထားတဲ့ ဖုန်းဖြစ်လို့ နောက်ကင်မရာဟာ ၁၃ မဂ္ဂါပစ်ဇယ်ရှိပြီး Laser auto-focus နဲ့ Face Detection စတဲ့ လုပ်ဆောင်ချက်တွေ ပါဝင်သလို ဖလက်ရှ်မီးနှစ်လုံး dual-LED (dual tone) လည်း ပါဝင်ပါတယ်။ ဒါ့အပြင် Asus ZenfoneSelfie ဆိုတဲ့ နာမည်နဲ့လိုက်ဖက်အောင် ဆယ်လ်ဖီရိုက်ဖို့အတွက် အရှေ့ကင်မရာကို ၁၃ မဂ္ဂါပစ်ဇယ်အထိ ထည့်ပေးထားတာကြောင့် ဆယ်လ်ဖီရိုက်ချင်သူတွေ စိတ်တိုင်းကျစေမယ့် ဖုန်းဖြစ်ပါတယ်။ ဈေးနှုန်းကတော့ 2GB အတွက် ကျပ် ၂၉၅၀၀၀ ဖြစ်လို့ ဆယ်လ်ဖီဝါသနာရှင်တွေအဖို့ တန်တယ်လို့ဆိုနိုင်မယ့်ဖုန်းတစ်လုံးဖြစ်ပါတယ်။ **သူရဖြိုး**

# တယ်လီနောရ်၏ ဖုန်းနံပါတ်လေလံမှ အကျိုးအမြတ်များကိုလှူဒါန်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

တယ်လီနောရ်၏ အထူးဖုန်းနံပါတ်များ လေလံတင်ရောင်းချပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ လေလံပွဲမှရရှိသော အကျိုးအမြတ်များကို မြန်မာရွေ့လျားပညာသင်ကြားရေးစီမံကိန်း(myME)မှ ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်မည့် ဒစ်ဂျယ်တယ်ပညာရေးအစီအစဉ်အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချမည့် အထူးဖုန်းနံပါတ်များတွင် ၀၉၇၇ ဖြင့်စသော အထူးနံပါတ်များဖြစ်ပြီး အထူးနံပါတ်ပေါင်း ၁၀၀ အထိ ပါဝင်မည်ဖြစ်ကြောင်း၊ နံပါတ်အားလုံးအတွက် ကြမ်းခင်းဈေးကို ကျပ်သိန်း ၃၀ သတ်မှတ်ထားကြောင်း သိရသည်။

လေလံပွဲကို ရန်ကုန်ချက်ထရီယံ ရှိုင်ရယ်လိတ်ဟိုတယ်တွင် ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့၏ အမည်၊ လိပ်စာ၊ အီးမေးလ်၊ မှတ်ပုံတင်၊ ကုမ္ပဏီနာမည်၊ ဘဏ်စာရင်း အသေးစိတ်အချက်အလက်များဖြင့် special-number @telenor.com.mm သို့ ဖေဖော်ဝါရီ ၂၁ ရက်မတိုင်မီ ပေးပို့မှတ်ပုံတင်ရမည်ဖြစ်ကာ တယ်လီနောအနေဖြင့် မှတ်ပုံတင်သူများထဲမှ ရွေးချယ်ပြီး လေလံပွဲကို တက်ရောက်နိုင်ရန် အကြောင်းကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြုလုပ်သည့် လေလံပွဲသည် တယ်လီနော၏ ပထမဆုံးသော အထူးနံပါတ်များ လေလံတင်ရောင်းချပွဲဖြစ်ပြီး မြန်မာနိုင်ငံရှိ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောမှအကျိုးအမြတ်များ လှူဒါန်းမည့် myME သည်ကျောင်းပြင်ပရောက်နေသည့် ကလေးငယ်များအား ကျောင်းပြင်ပပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို အခမဲ့သင်ကြားနိုင်ရန် ၂၀၁၄ ခုနှစ်မှစတင်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်ကာ ၂၀၁၅ ခုနှစ်အတွင်း ကလေးပေါင်း ၉၀၀ ကျော်ကို myME ၏ အစီအစဉ်ဖြင့်ပညာသင်ကြားပေးခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ်အတွင်း ကလေး ၁၅၀၀ အထိ ပါဝင်အောင် အစီအစဉ်ကို တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# အမ်အီးစီငွေဖြည့်ကတ်များ ဝယ်ယူသည့်အခါ လွယ်ကူစေရန်ဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ကမ်းရိုးတန်းဖုန်းဟုလူသိများခဲ့ပြီး ဂျီအက်စ်အမ်ဖုန်းလိုင်းမကောင်းသည့် ဒေသများမှအားကိုးသုံးစွဲလျက်ရှိသည့်အမ်အီးစီမိုဘိုင်းဖုန်းငွေဖြည့်ကတ်များ ဝယ်ယူရန်ခက်ခဲခြင်းကို ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြီးခဲ့သည့်လအတွင်းမှစတင်ကာ MECTel ဖုန်းကတ်သုံးစွဲသူများ ငွေဖြည့်ကတ်ဝယ်ယူရာတွင် ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ခြင်းမရှိသည့်အပြင် ရောင်းချသည့် ဆိုင်အချို့မှာလည်း ငွေဖြည့်ကတ်များကို ဈေးတင်ရောင်းချသည်ကို ကြုံတွေ့ရကြောင်း အမ်အီးစီကတ်သုံးစွဲသူများထံမှ သိရသည်။

"ဆင်းကတ်တွေနဲ့ငွေဖြည့်ကတ်တွေကို လစဉ်ပုံမှန်အတိုင်း ဖြန့်ဖြူးပေးနေတာဖြစ်ပါတယ်။ သုံးစွဲတဲ့သူတွေများလာတဲ့အတွက် ဆိုင်တွေကနယ်တွေမှာ ဈေးကစားပြီး ပြန်ရောင်းချတာတွေရှိနေတာကြောင့် ဈေးနှုန်းတွေမြင့်တက်ရတယ်လို့ထင်ပါတယ်။ အခုတော့ဈေးကွက်မှာ ငွေဖြည့်ကတ်တွေ လုံလောက်စွာနဲ့ ရောင်းချပေးနိုင်ဖို့စီစဉ်နေပါတယ်။ E-Top Up နဲ့ E-loading တွေနဲ့လည်း ဆိုင်ကြီးတွေမှာ ငွေဖြည့်နိုင်သလို ကိုယ်စားလှယ်ဖုန်းဆိုင်တွေကလည်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ရန်ကုန်ကိုးမိုင်က စတားမတ်အရောင်းဆိုင်မှာလည်း ကျွန်တော်တို့ MECTel ငွေဖြည့်ကတ်တွေကို နေ့စဉ်လိုအပ်သလောက်ရောင်းပေးနေတယ်"ဟု CDMA 800 MHz Network မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

MECTel မိုဘိုင်းဆင်းကတ်များသည် မြန်မာနိုင်ငံတွင် ပထမဆုံး သရီးဂျီဝန်ဆောင်မှုပေးသည့် တန်ဖိုးနည်း CDMA 800 MHz တယ်လီဖုန်းလိုင်းကတ်များဖြစ်ပြီး ဝေးလံခေါင်ဖျားဒေသများနှင့် ပင်လယ်ထဲထိ ကျွန်းစုများ၊ တောင်ပေါ်ဒေသများအားလုံးတွင်ဆက်သွယ်ရေးအဆင့်မြင့်လာစေရန်ရည်ရွယ်ကာ ထုတ်လုပ်သည့်ဆင်းကတ်များဖြစ်ပြီး ဆက်သွယ်ရေးကောင်းမွန်လာမှုကြောင့် ဒေသတွင်းလူမှုစီးပွားဘဝများ မြင့်မားလာကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်မိုးရာသီအတွင်း ကြုံတွေ့ရသည့်ရေကြီးနစ်မြုပ်သည့် သဘာဝဘေးဖြစ်စဉ်များတွင် ကမ်းရိုးတန်းဖုန်းဖြစ်သည့် MECTel ဖုန်းများကြောင့် အကူအညီများစွာရရှိခဲ့ပြီး သဘာဝဘေးကျရောက်သည့် ဒေသများတွင်အခမဲ့ဖုန်းခေါ်ဆိုခွင့်ကိုလည်း ၂၀၁၅ ဩဂုတ်မှအောက်တိုဘာအထိ ဝန်ဆောင်မှုပေးခဲ့သဖြင့် သုံးစွဲသူများ များပြားခဲ့ရသည်။

"ငွေဖြည့်ကတ်တွေ ဝယ်လို့မရတော့ဘူးဆိုပြီး စိတ်ပူနေတာပါ။ အခုတော့ ပြန်ရောင်းပေးနေတာတွေ့ရတယ်။ ဖုန်းတွေက အော်ပရေတာအသစ်တွေ ပေါ်လာပေမယ့် သုံးနေကျနံပါတ်လည်းဖြစ်ပြီး အင်တာနက်လိုင်းကောင်းတာကြောင့်မလဲဖြစ်သေးတော့ ငွေဖြည့်ကတ်ဝယ်မရမှာစိုးရိမ်နေတာ။ အခုတော့ ပြန်ဝယ်လို့ ရပါပြီ"ဟု MECTel သုံးစွဲသူတစ်ဦးက ပြောကြားသည်။

**သူရဖြိုး**

**နည်းပညာသည် လူသားတို့နေ့စဉ်ဖြစ်တည်မှုပေါ်တွင် အမှီပြုကာပေါ်ပေါက်လာသကဲ့သို့ နည်းပညာမြင့်ကုန်စည်များကိုလည်း လူသားတို့နေ့စဉ်ဘဝတွင် အသုံးတည့်စေရန်နှင့်ဈေးနှုန်းသက်သာစေရန်အတွက် တိုးမြှင့်ထုတ်လုပ်မှုကို မြင်တွေ့ရသည်။ မြန်မာနိုင်ငံသို့ မကြာမီရောက်ရှိလာနိုင်ဖွယ်ရှိသည့် နည်းပညာများထဲမှအချို့ကို ထုတ်နုတ်မိတ်ဆက်ပေးလိုက်ပါသည်။**

# အိမ်သုံးနည်းပညာသစ်မိတ်ဆက်

**ဆင့်ကဲလျှော်ဖွပ်နိုင်သည့် Add Wash ဆမ်ဆောင်းအဝတ်လျှော်စက်**

နားချိန်မရသည့် ကြားရက်များတွင်ဖြစ်စေ၊ အလုပ်ရှုပ်သည့် စနေ၊ တနင်္ဂနွေတွင်ဖြစ်စေ အဝတ်လျှော်ခြင်းအား ဆောင်ရွက်ရာတွင် အမြန်ပြီးလိုခြင်းကြောင့် အလျင်လိုခြင်းများရှိတတ်သည်ကို ဖြေရှင်းပေးမည့် စက်မှုလုပ်ငန်းနယ်ပယ်တွင် ပထမဆုံးအဖြစ် AddWash တံခါးအား အဝတ်လျှော်စက်၏ အရှေ့ဘက်တွင် ထည့်သွင်းခဲ့ပါသည်။ လျှော်ရန်မေ့ကျန်ခဲ့သည့်အထည်အစရှိသည့် မည်သည့်အဝတ်အထည်ကိုမဆို စက်လည်ပတ်နေစဉ် အဝတ်လျှော်စက်၏ အဓိကတံခါးအားဖွင့်ရန်အတွက် အဝတ်လျှော်စက်အတွင်း ရေများကုန်သွားသည့်အထိ စောင့်ဆိုင်းရန်မလိုအပ်ဘဲ လွယ်ကူအဆင်ပြေသက်သာစွာဖြင့် အဝတ်လျှော်စက်တံခါးကိုဖွင့်၍ ထည့်နိုင်ပါသည်။ အဆိုပါတံခါးသည် အဝတ်လျှော်နေစဉ်အတွင်းတွင်လည်း အသာအယာလျှော်ဖွပ်နိုင်ရန်အတွက် လက်ဖြင့်လျှော်ခြင်း သို့မဟုတ် အဝတ်ပျော့ဆေးများထည့်သွင်းခြင်းတို့ကိုလည်း အချိန်မရွေး ထည့်သွင်းပြုလုပ်နိုင်မည်ဖြစ်ပါသည်။

အဝတ်လျှော်စက်တွင် Android နှင့်ဖြစ်စေ၊ iOSနှင့်ဖြစ်စေ တွဲဖက်အသုံးပြုနိုင်သည့် Smart Control ပါရှိပါသည်။ Smart Control အားအသုံးပြု၍ အဝတ်လျှော်သည့် လုပ်ငန်းစဉ်အားစောင့်ကြည့်နိုင်ပြီး အသစ်တစ်ဖန် အဝတ်လျှော်ခြင်း လုပ်ငန်းစဉ်အား ပြန်လည်မစတင်မီအသုံးပြုသူများ၏ စမတ်ဖုန်းတွင် သတိပေးချက်များရရှိနိုင်ရန်လည်း ရွေးချယ်နိုင်မည်ဖြစ်သည်။ အဆိုပါရွေးချယ်မှုသည်အထူးသဖြင့် နူးညံ့သောအဝတ်အထည်များ သို့မဟုတ် လက်ဖြင့်လျှော်ဖွပ်ရမည့် အဝတ်အထည်များအား အဝတ်လျှော်ခြင်းလုပ်ငန်းစဉ်ပြီးဆုံးခါနီးအချိန်၌ ထည့်လိုသောအခါတွင်အလွန်အသုံးဝင်ပါသည်။



**တစ်မိသားစုလုံးရဲ့ ချိတ်ဆက်မှုနဲ့ Family Hub ရေခဲသေတ္တာ**

မိသားစုများအားချိတ်ဆက်ပေး၍စားသောက်ကုန်ပစ္စည်းများနှင့် အိမ်တွင်းမှုလုပ်ငန်းများအား အစီအစဉ်တကျပြုလုပ်ပေးနိုင်ပြီး ဖျော်ဖြေရေးဆိုင်ရာအစီအစဉ်များကိုလည်း ပံ့ပိုးပေးနိုင်သည့်အဆင့်မြင့်၍ဖွံ့ဖြိုးတိုးတက်လာသောလုပ်ဆောင်ချက်များစွာကို တစ်ပြိုင်နက်တည်းဆောင်ရွက်နိုင်သည့် Family Hub ရေခဲသေတ္တာအသစ်သည်လည်း မကြာမီမြန်မာဈေးကွက်သို့ရောက်ရှိလာနိုင်မည်ဟု ခန့်မှန်းရသည်။ Family Hub သည် ဒစ်ဂျစ်တယ်ဆိုင်ရာဖန်တီးမှုများနှင့်အတူ အိမ်တွင်းသုံးဆိုင်ရာချိတ်ဆက်မှုများ၏ အဓိကအချက်အချာနေရာတစ်ခုအဖြစ် ဖန်တီးထားပါသည်။ အားလုံးသောဆက်သွယ်ချိတ်ဆက်မှုများသည် တံခါးအပြင်၏ညာဘက်ခြမ်း အပေါ်ဘက်တွင် တည်ရှိသည့် ၂၁ ဒသမ ၅ လက်မအရွယ်အစားရှိ ထိတွေ့မျက်နှာပြင်ပေါ်တွင် ဖော်ပြထားပါသည်။ အဆိုပါမျက်နှာပြင်တွင် သုံးစွဲသူများအနေနှင့် ပို့စ်များတင်နိုင်ခြင်း၊ မျှဝေနိုင်ခြင်း၊ ပြက္ခဒိန်အားမှတ်သား၍အချက်အလက်များ ထည့်သွင်းနိုင်ခြင်း၊ ဓာတ်ပုံများမှတ်သားထားနိုင်ခြင်း၊ တန်ဖိုးရှိသောရင်သွေးငယ်လေးများ အနုပညာလုပ်ငန်းများအား မျှဝေပေးနိုင်ခြင်းနှင့် စာတိုမှတ်စုလေးများအား မှတ်သားချန်ထားနိုင်ခြင်းတို့အား သုံးစွဲသူတို့၏ စမတ်ဖုန်းများနှင့်ချိတ်ဆက်၍အဆင်ပြေလွယ်ကူသက်သာစွာလုပ်ဆောင်ဆောင်ရွက်နိုင်ပါသည်။

သုံးစွဲသူများ၏ နေအိမ်အတွင်းရှိလိုအပ်လျက်ရှိသောအိမ်သုံးကုန်ပစ္စည်းများအား ခွဲခြားသတ်မှတ်ရန်အတွက် ပို၍အချိန်ကုန်သက်သာစွာဖြင့်စီမံခန့်ခွဲမှုများမှစ၍ထုတ်ကုန်ပစ္စည်းများ သတ်မှတ်ရက်ကျော်လွန်မှုများကို ကြည့်ရှုမှတ်သား ရေခဲသေတ္တာအား ပိတ်လိုက်သည့်အချိန်တိုင်း ဓာတ်ပုံရိုက်ယူနိုင်သည့် အရည်အသွေးမြင့်ကင်မရာသုံးလုံးအား ရေခဲသေတ္တာအတွင်း ထည့်သွင်းပေးထားပါသည်။ သုံးစွဲသူများအနေနှင့် ၎င်းတို့၏စမတ်ဖုန်းများအား အသုံးပြုသည့်အချိန်တိုင်းတွင် အဆိုပါရိုက်ကူးထားသည့် ဓာတ်ပုံများအား ဝင်ရောက်ကြည့်ရှုနိုင်ခြင်းဖြင့် မိမိ၏ ရေခဲသေတ္တာအတွင်းတွင် မည့်သည့်ပစ္စည်းများလိုအပ်ကြောင်း၊ ကျန်ရှိသေးကြောင်းကို အလွယ်တကူသိနိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် စတိုးဆိုင်ရောက်နေသည်ဖြစ်စေ Samsung Smart Home app အားကြည့်ရှု၍နေအိမ်ရှိ Family Hub ရေခဲသေတ္တာအတွင်းရှိပစ္စည်းများအား ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ သုံးစွဲသူများ၏ နေအိမ်၌ ပစ္စည်းများဝယ်ယူရန်မေ့လျော့ခြင်းတို့ ရှိတော့မည်မဟုတ်ဘဲ သုံးစွဲသူများအနေနှင့်ရေခဲသေတ္တာအား အသုံးပြု၍ အွန်လိုင်းမှတစ်ဆင့်ဈေးဝယ်ယူခြင်းများ၊ ဟင်းလျာချက်ပြုတ်နည်းများအား စီမံခန့်ခွဲခြင်းများနှင့် ဈေးဝယ်ခြင်း စာရင်းများအား မျှဝေခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။




မီးဖိုချောင်သည် အိမ်ရှိအဓိက စုဝေးရာနေရာတစ်ခုအဖြစ် ယူဆသောကြောင့် စပီကာ သို့မဟုတ် သုံးစွဲသူများအနေဖြင့်ကြိုးမဲ့ Bluetooth စပီကာများနှင့်ချိတ်ဆက်ခြင်းမှတစ်ဆင့်သီချင်း၊ ဂီတများအား ပြောင်းလဲထည့်သွင်းနိုင်ခြင်းနှင့် အိမ်အတွင်းတွင် တေးဂီတများ ခံစားနိုင်ခြင်းတို့အား ရွေးချယ်မှုပေါင်း မြောက်များစွာဖြင့် ပံ့ပိုးပေးထားပါသည်။ သုံးစွဲသူများသည်မိမိတို့၏ ကြိုက်နှစ်သက်သော တီဗွီအစီအစဉ်များကိုလည်း အစားသောက်ပြင်ဆင်ခြင်းဖြင့် အလုပ်ရှုပ်နေစေကာမူ မိမိကြိုက်နှစ်သက်ဘောလုံးပွဲများအား နည်းနည်းလေးတောင်မလွတ်စေဘဲ Samsung Smart TV များနှင့်အတူ Screen mirroring အား အသုံးပြု၍ Family Hub မျက်နှာပြင်ပေါ်တွင်ကြည့်ရှုခံစားနှစ်သက်နိုင်မည်ဖြစ်သည်။

Family Hub သည်အတွင်းဘက်အား ဒီဇိုင်းပြုလုပ်ထားသည်သာမက အပြင်ဘက်ကိုလည်း ဒီဇိုင်းပြုလုပ်ဖန်တီးထားပါသည်။ Samsung ၏ မူပိုင်ဖြစ်သော FlexZone သည်ရေခဲသေတ္တာအောက်အဆင့်မှအပေါ်ဆင့်အထိ အစားအသောက်များ သိုလှောင်သိမ်းဆည်းမှု၏ လိုအပ်ချက်များအပေါ်မူတည်၍ ပြောင်းလဲထိန်းညှိပေးမည်ဖြစ်ပြီး ၎င်းတို့၏ Triple and Metal Cooling နည်းပညာနှင့်အတူ ပိုမိုကြာရှည်စွာအစားအသောက်များ၏ လတ်ဆတ်မှုအား ထိန်းသိမ်းပေးထားနိုင်ခြင်း၊ အသုံးပြုရန်လွယ်ကူမှုနှင့်စွမ်းအင်ကုန်သက်သာစေသည့် လုပ်ဆောင်ချက်များကြောင့် စွမ်းဆောင်ရည်မြင့်မားသည့် လုပ်ဆောင်ချက်နှင့်အတူ ထူးခြားဆန်းပြားသည့်တီထွင်ဖန်တီးမှုနှင့် ဒီဇိုင်းတို့အား အဆိုပါရေခဲသေတ္တာတွင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ **သွန်းဝသန်**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း စတင်အကောင်အထည်ဖော်မှုမိတ်ဆက်

**ကြံခင်း ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပြည်သူ့ဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်သည့် မိတ်ဆက်အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က ဧရာဦးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ကျေးရွာအုပ်စုအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ခန့်ထားပေးပြီးသည့် စည်းရုံးရေးမှူးများ၊ ဒုတိယနည်းပညာမှူးများအား စီမံကိန်းတာဝန်ရှိသူ ဒေါ်နော်နော်က မိတ်ဆက်ပေးပြီး တက်ရောက်လာသူများ၏မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။

**ဌေးမင်း**



## စကုကျွန်းရွာခြောက်ရွာ ဆိုလာမီးလင်းရေးဖွင့်ပွဲကျင်းပ

**ရမ်းဗြဲ ဖေဖော်ဝါရီ ၁၉**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် စကုကျွန်းပေါ်ရှိ ကျေးရွာ ခြောက်ရွာအား ဆိုလာစနစ်ဖြင့် မီးလင်းရေးဖွင့်ပွဲကို ဖေဖော်ဝါရီလဒုတိယပတ်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

စကုကျွန်းပေါ်တွင် ကျေးရွာရှစ်ရွာရှိသည့်အနက် ကျေးရွာခြောက်ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကုန်ကျငွေကျပ် ၁၁၇ သန်းဖြင့် အိမ်ခြေ ၅၈၅ အိမ်၊ လူဦးရေ ၂၄၀၃ ဦးတို့ကို အကျိုးပြုနိုင်တော့မည်ဖြစ်ပြီး တပ်ဆင်ပေးခဲ့သော ကျေးရွာများမှာ ဦးက္ကာပြင်၊ ဗောဓိ၊ ဆိပ်နား၊ အောင်ချမ်းသာ၊ ပိန္နဲချောင်းနှင့် ရေကောင်းချောင်းတို့ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ**







စိတ်ကြိုက်ဖုန်းနံပါတ်တစ်ခုကို လိုချင်ပါသလား ...
မိမိရဲ့စိတ်ကြိုက် နံပါတ်တစ်ခုကို အနည်းဆုံး ၁,၅၀၀ကျပ်မှ စတင်၍
သတ်မှတ်ထားတဲ့ အူရီဒူးအရောင်းဆိုင်များတွင် ရွေးချယ်ဝယ်ယူနိုင်ပါပြီ။
ooredoo
နံပါတ်အလှလား?
လက်ရှိသုံးနေတဲ့ နံပါတ်နဲ့ ဆင်တူလား?
စိတ်ကြိုက်နံပါတ်လား?
သတ်မှတ်ထားသော ဆိုင်စာရင်းများနှင့် စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို
www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



ဆလုံပွါစ်®
Salonpas®
ကြွက်သားနှင့် အဆစ်အမြစ်နာကျင်ကိုက်ခဲမှုများကို လျော့ပါးသက်သာစေမည့်
ဂျပန်နိုင်ငံ၏ နံပါတ်တစ် ပလာစတာ
အသစ်
Salonpas® 10 PATCHES
Added Vitamin E
Pain Relieving Patch
10 PATCHES 6.5cm×4.2cm
ကြွက်သားနာကျင်ကိုက်ခဲခြင်း
အဆစ်ရောင်နာ
သာမန် ကျောအောင့်ခြင်း
အကြောတင်ခြင်း
တို့နှင့် တွဲဖက်နေသည့် နာကျင်ကိုက်ခဲမှုများ၊ ရောင်ရမ်းမှုများ သက်သာပျောက်ကင်းစေရန်အတွက်
ဆလုံပွါစ်®
Salonpas®
Hisamitsu®
Licensed by
Hisamitsu Pharmaceutical Co., Inc.
JAPAN SAGA TOSU
Manufactured by
Hisamitsu Vietnam Pharmaceutical Co., Ltd.
No.14-15 2A Street, Bien Hoa II Industrial Zone
Bien Hoa City, Dong Nai Province, Vietnam
Myanmar Registration No.2002AA8289
• အသုံးပြုရလွယ်ကူခြင်း
• ကြာရှည်စွာ အသုံးပြုနိုင်ခြင်း
• စေးကပ်မှု၊ ပေကျံကပ်ငြိမှု မရှိခြင်း
ပရုတ်ဆီနှင့် ခရင်မ်များထက် ကောင်းမွန်သော ပလာစတာ၏ အကျိုးကျေးဇူးများ
• အလုပ်ရှုပ်ခြင်းမရှိစေဘဲ အသုံးပြုရလွယ်ကူပါတယ်။
• သင့်လက်နှင့် အင်္ကျီများကို ပေကျံကပ်ငြိခြင်း မရှိပါဘူး။
• ၈ နာရီကြာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။
ပါဝင်တဲ့ပစ္စည်းတွေက
နာကျင်ကိုက်ခဲမှုဝေဒနာကို ခံစားနေရတဲ့ နေရာတစ်ဝိုက်ကို တိုက်ရိုက်စိမ့်ဝင်သွားစေပါတယ်။
ခါးနာခြင်း၊ ကျောအောင့်ခြင်း
ပခုံးကြွက်သားများ တောင့်တင်းနာကျင်ခြင်း
ခြေဖဝါးများ နာကျင်ကိုက်ခဲခြင်း
ခြေသလုံးကြွက်သားများ နာကျင်ကိုက်ခဲခြင်း
Hisamitsu®

# ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အထည်ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-

၂။ **ရောင်းချမည့်ပစ္စည်းများ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်များ၊ ကျား-မဝတ်ချုပ်ထည်များ၊ သင်္ကန်းဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံ၊ အရွယ်အစားအမျိုးမျိုးနှင့် အခြားချုပ်ထည်များ

၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၆ ရက် (ကြာသပတေးနေ့)

၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ

၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ အစည်းအဝေးခန်းမ၊ နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆၊ ၀၁-၆၆၀၄၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း**

# CLAIMS DAY NOTICE

## M.V HYPERION LEADER VOY:NO(60)

Consignees of cargo carried by M.V HYPERION LEADER VOY: NO. (60) are here by notified that the vessel will arrive on about 21-2-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၈၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

# အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၂ နှင့်ဆက်သွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁**

ဒေါ်အားလန် **နှင့်** ဒေါ်ကြူကြူ
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်ကြူကြူ အိမ်အမှတ်(၁၇/က)၊ အနော်ရထာလမ်း၊ ကန်အောက်ရပ်၊ တောင်ကြီးမြို့နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တောင်ကြီးခရိုင်တရားရုံး၏ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အားလန်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၄ ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဝင်းယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**တောင်ကြီးခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

# အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၀ နှင့်ဆက်သွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၂**

ဒေါ်တင်တင်အေး **နှင့်** ဒေါ်ကြူကြူ
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်ကြူကြူ အိမ်အမှတ်(၁၇/က)၊ အနော်ရထာလမ်း၊ ကန်အောက်ရပ်၊ တောင်ကြီးမြို့နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တောင်ကြီးခရိုင်တရားရုံး၏ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်တင်တင်အေးက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၄ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဝင်းယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**တောင်ကြီးခရိုင်တရားရုံး**

## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

# တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းနယ်မြေအတွင်းရှိ အောက်ပါဆိပ်ကမ်းများ ဆိပ်ကမ်းအခွန်အခကောက်ခံရေး ဆောင်ရွက်လိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**မန္တလေးတိုင်းဒေသကြီးဆိပ်ကမ်းများ**

(၁) မန္တလေးဆိပ်ကမ်း
(၂) အမရပူရဆိပ်ကမ်း
(၃) ကြာညှပ်ဆိပ်ကမ်း(သပိတ်ကျင်းမြို့နယ်)

**တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး၊ ဂေါဝိန်၊ ကျောက်ကွေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

**တင်ဒါပုံစံယူရမည့်ရက်** - ၂၂-၂-၂၀၁၆ ရက်မှ ၃-၃-၂၀၁၆ ရက်ထိ ရုံးချိန်အတွင်း

**တင်ဒါပိတ်မည့်ရက်** - ၃-၃-၂၀၁၆ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀ နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၄-၃-၂၀၁၆ ရက် (သောကြာနေ့) မွန်းလွဲ ၂း၀၀ နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၆၀၂၃၇ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ကမ်းလွန်ရေနံလုပ်ကွက်အမှတ် (A-6) 3D အဏ္ဏဝါဆိုက်စမစ်လေ့လာခြင်းဆိုင်ရာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာအတွက် ကြေညာချက်

Woodside Energy (Myanmar) Pte Ltd သည် အကျိုးတူပူးပေါင်းဆောင်ရွက်သူများကိုယ်စား မြန်မာနိုင်ငံ၊ ရခိုင်ကမ်းလွန်ဒေသရှိ ရေနံလုပ်ကွက်အမှတ်(အေ-၆)တွင် အဏ္ဏဝါစူးစမ်းလေ့လာခြင်းလုပ်ငန်းကို ၂၀၁၆ခုနှစ် ဧပြီလတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းပြီးစီးရန် ရက်ပေါင်း ၅၀ ခန့် ကြာမြင့်မည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို အော်ပရေတာအဖြစ်ဆောင်ရွက်သည့် Woodside AECOM Malasia နှင့် E Guard တို့မှ လေ့လာပြုစုပြီးဖြစ်ပါသည်။ အများပြည်သူများ အနေဖြင့် အဆိုပါအစီရင်ခံစာအား အောက်ဖော်ပြပါနေရာများတွင် ဖတ်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

- Woodside ၏ အင်တာနက်ဝက်ဘ်ဆိုဒ် woodside.com.au/myanmar-consultation
- Woodside ၏ ရန်ကုန်ရုံး၊ အမှတ် ၇၀/အယ်လ်အေ ၂၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
- E Guard ၏ ရန်ကုန်ရုံး၊ အမှတ် ၉၉၊ မြကန်သာလမ်းသွယ်၊ ငြိမ်းချမ်းရေးလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
- မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ အမှတ် ၃၊ ရုံးပေါင်းစုံလမ်း၊ သာပေါင်းမြို့
- ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ် ၁၃၊ သစ်စက်၊ ရွှေမျှင်တင်ကျေးရွာ၊ ပုသိမ်မြို့
- ညွှန်ကြားရေးမှူးရုံး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ တဲကြီးကုန်း၊ ပုသိမ်မြို့
- မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ ဧရာဝတီတိုင်းဒေသကြီး၊ အခန်း ၉-၁၀၊ ယိုးဒယားကုန်းလမ်း၊ အထက(၂)ကျောင်းရှေ့၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့

အကြံပြုချက်နှင့် သုံးသပ်ချက်များအား feedback@woodside.com.au သို့ info@eguardservices.com သို့ အီးမေးဖြင့်သော်လည်းကောင်း (သို့မဟုတ်) ရန်ကုန်မြို့ရှိ woodside နှင့် E Guard ရုံးများသို့ တိုက်ရိုက်ပေးပို့၍လည်းကောင်း၊ ၂၀၁၆ ခုနှစ် မတ် ၄ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
## လုပ်ငန်းရှင်ရေးရာဝန်ဆောင်မှုဌာနအတွက် လျှောက်လွှာများခေါ်ယူခြင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် နိုင်ငံတော်၏ပြောင်းလဲ တိုးတက်မှုနှင့်အညီ၊ လုပ်ငန်းရှင်အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်ပေးနိုင်မည့် ဝန်ဆောင်မှုဌာနအသစ်ဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်သွားရန်အတွက် အောက်ဖော်ပြပါ အချိန်ပြည့်လခစားအကြီးတန်းရာထူးနှင့်ဝန်ထမ်းနေရာများ လိုအပ်လျက်ရှိပါသည်။

| စဉ် | ရာထူးအမည် | အရေအတွက် | အရည်အချင်း |
|---|---|---|---|
| ၁ | ဒုတိယအမှုဆောင်အရာရှိချုပ် | ၁ ဦး | အလုပ်သမားနှင့်အလုပ်အကိုင်ဆိုင်ရာ နည်းပညာနယ်ပယ်တွင် အနည်းဆုံး အတွေ့အကြုံ (၁၀)နှစ်ရှိပြီး၊ စီမံခန့်ခွဲမှုအတွေ့အကြုံ(၅)နှစ်ရှိရမည်။ မြန်မာနိုင်ငံ စီးပွားရေးအသိုက်အဝန်းနှင့် အလုပ်ရှင်များကြုံတွေ့နေရသော စိန်ခေါ်မှုအခက်အခဲများကို ကောင်းစွာနားလည်ပါဝင်ဖြေရှင်းနိုင်သူဖြစ်၍၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းနိုင်သူဖြစ်ရန်နှင့် အလုပ်သမားနှင့်ပတ်သက်သောနည်းပညာဆိုင်ရာဆွေးနွေးပွဲများ၌ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်ကောင်းစွာပြောဆိုနိုင်သူဖြစ်ရမည်။ |
| ၂ | သင်ကြားရေးနှင့်သုတေသန အထူးကျွမ်းကျင်သူ | ၁ ဦး | ဘောဂဗေဒ၊ စီးပွားရေး (သို့) အခြားဆက်စပ်နယ်ပယ်ဖြင့်ဘွဲ့ရဖြစ်ရမည်။ သင်ကြားရေး၊ သုတေသနနှင့် လေ့လာဆန်းစစ်ခြင်းလုပ်သက်အနည်းဆုံး (၂)နှစ်ရှိရမည်။ မြန်မာနိုင်ငံအလုပ်သမားနှင့်အလုပ်အကိုင်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် သင်ကြားပို့ချရေးလုပ်ငန်းများကို ကောင်းစွာဆောင်ရွက်နိုင်ပြီး၊ အလုပ်သမားရေးရာ နည်းပညာဆိုင်ရာကိစ္စရပ်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်ဆွေးနွေးခြင်း၊ ရေးသားခြင်းများဆောင်ရွက်နိုင်သူ ဖြစ်ရပါမည်။ |
| ၃ | အလုပ်သမားဥပဒေ အထူးကျွမ်းကျင်သူ | ၁ ဦး | ဥပဒေဘွဲ့ရဖြစ်ရပါမည်။ အလုပ်သမား၊အလုပ်အကိုင်နှင့်ပတ်သက်သော ဥပဒေနယ်ပယ်တွင် လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရပါမည်။ မြန်မာနိုင်ငံနှင့် နိုင်ငံတကာ အလုပ်သမားနှင့် အလုပ်အကိုင်ဆိုင်ရာဥပဒေ၊ နည်းစနစ်များကို နားလည်တတ်ကျွမ်း၍၊ အလုပ်ရှင် - အလုပ်သမား - အစိုးရဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပြီး၊ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်ဆွေးနွေးခြင်း၊ ရေးသားခြင်းများ ဆောင်ရွက်နိုင်သူဖြစ်ရန်လိုအပ်ပါသည်။ |

အထက်ပါရာထူးများကို စိတ်ပါဝင်စား၍လျှောက်ထားလိုသူသည် အသင်းချုပ်၏သတ်မှတ်လျှောက်လွှာပုံစံနှင့် လိုအပ်သောအချက်အလက်များကို အသင်းချုပ် **HRM ဌာန၊ ဖုန်းနံပါတ် ၀၉၄၅၀၂၀၀၂၉၀၊ ၀၁-၂၃၁၇၂၀၇~၁၁၊ ၀၁-၂၃၁၄၃၄၄~၄၉ (လိုင်းခွဲ-၁၃၀)**သို့ ရုံးချိန်အတွင်းဆက်သွယ်ရယူ၍ **(၂၉-၂-၂၀၁၆)ရက်** နောက်ဆုံးထား၍လျှောက်ထားနိုင်ပါသည်။ အထက်ပါရာထူးများ၏ တာဝန်ဝတ္တရားအသေးစိတ်ကို ကုန်သည်စက်မှုအသင်းချုပ်ဝက်ဆိုဒ် www.umfcci.org.mm, www.facebook.com/UMFCCI တွင်လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

